ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (22-2-2008) (၅၆၀၁)

ကတညုတာ စ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်အောင်မြင်စေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်အောင်မြင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်အောင်မြင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဇနီးနှင့် ပရိသတ်တို့က လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ နာရဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသော အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ILBC မှ သိပ္ပံလက်တွေ့ခန်းသုံး ဓာတ်ခွဲခန်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✾

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းအတွင်း ရေအပြည့်အဝပေးလွှတ်နိုင်ရေး အထူးပြုပြင်မွမ်းမံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ် ကင်းတား ရေလှောင်တမံ၌ လက်ဝဲမြောင်းအတွင်း ရေအပြည့်အဝပေးလွှတ်နိုင်ရေး အထူးပြုပြင် မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကင်းတား ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးကျော်မြင့်က ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ရေရရှိမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကင်းတားရေလွှဲဆည် လက်ဝဲမြောင်း ရေထိန်းတံခါးများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

ကြေးမုံ The Mirror

ယနေ့ ဆောင်းပါး သတင်းအညွှန်း

ထိုင်း၊သီရိလင်္ကာ၊တရုတ်၊မလေးရှားနှင့် အမေရိကန် အကြို အခြေခံသမ္မတလောင်းရွေးပွဲ သတင်းများ။ စာမျက်နှာ-၄၊၅

ဦးခိုက်ပူဇော် ဗုဒ္ဓဆံတော်ရှင် မြတ်မော်တင် စေတီတော် မောင်တင်လှိုင်(ဟိုတယ်/ခရီး) ဆောင်းပါး စာမျက်နှာ-၆

လုံးချောနှင့်ရှမ်းလေးသွေးတို့ ပထမဆုံး ထိုးသတ်မည် (မြန်မာ့ရိုးရာလက်ဝှေ့ပွဲသတင်း) စာမျက်နှာ-၁၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၂-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးကြိုးပမ်း လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲ

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ စိုက်ပျိုးရေလုံလောက်စွာရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီအားပေးလျက်ရှိသည်။

တောင်သူလယ်သမားများက ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် သီးနှံမျိုးများသုံးစွဲ၍ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံစုံစိုက်စွမ်းအား မြင့်မားလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ထွက်ရှိလာသည့် သီးနှံများမပျက်စီးဘဲ တာရှည်ခံ အရည်အသွေးကောင်းမွန်နေစေရေး ရိတ်သိမ်းချိန်လွန် နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရမည်ဖြစ်သည်။

စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်ရည်သည် အဓိကအရေးပါလျက်ရှိသည်။ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သီးနှံခြွေလှေ့ခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် စက်ကိရိယာများ သုံးစွဲလာခြင်းဖြင့် အချိန်ကုန်သက်သာ၍ သီးနှံအလေအလွင့် နည်းပါးစေသည်။

ယခုအခါ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိရာ လက်တွန်းထွန်စက်အမျိုးမျိုး၊ စပါးရိတ်စက်၊ ထွန်၊ ထည်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။ အမှတ်(၅)လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ(ရွာသာကြီး)၌ စက်ရုံရှစ်ရုံဖြင့် လယ်ယာ ၂၂ ထွန်စက်အတွက် အင်ဂျင်ဘလောက် အပါအဝင် အင်ဂျင်အစိတ်အပိုင်းများနှင့် ၂၄ သွား ခါးစက် ထွန်အစိတ်အပိုင်းများကို အဓိကထုတ်လုပ်နေကြောင်း သိရသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ အလုပ်ရုံများမှ လယ်ယာ(၂၂) ထွန်စက်၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ခြေနင်းရေတင်စက်၊ အနိမ့်တင် အမြင့်တင်ရေတင်စက်များနှင့် အခြားလယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။

ဒေသခံတောင်သူလယ်သမားများအနေဖြင့် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းတို့နှင့်အတူ လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲ စိုက်ပျိုးကြခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကျင်းပ၊ တံခွန်စိုက်ဒိုင်းချီးမြှင့်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး၊ ပွဲကြည့်ပရိသတ်များသည် အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းတို့ယှဉ်ပြိုင်နေမှုနှင့် အမျိုးသား ဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်ပေးအပ်

ပြိုင်ပွဲအပြီးတွင် အမျိုးသား၊ အမျိုးသမီး တတိယ၊ ဒုတိယဆုရရှိသည့် အသင်းများအား တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကိုယ်စား) တိုင်းမှူးက တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကျွန်းသစ်စေ့ထုတ်ဧရိယာ စီမံအုပ်ချုပ်ခြင်းနှင့် သစ်မျိုးသန့်ပြန့်ပွားရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်စပ်လျဉ်းသည့်အဖွဲ့အစည်း (International Tropical Timber Organization) တို့ ပူးပေါင်းဆောင်ရွက်သည့် ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းစီမံကိန်းမှ စီစဉ်ကျင်းပသည့် ကျွန်းသစ်စေ့ထုတ်ဧရိယာ စီမံအုပ်ချုပ်ခြင်းနှင့် သစ်မျိုးသန့်ပြန့်ပွားရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျွန်းမျိုးရိုးဗီဇ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်စေ့ထုတ်ဧရိယာ စီမံအုပ်ချုပ်ခြင်း၊ ကျွန်းမျိုးသန့်ပင် ရွေးချယ်သတ်မှတ်ခြင်းနှင့် ခေတ်မီမျိုးသန့်ပြန့်ပွားခြင်းဆိုင်ရာ သုတေသနစာတမ်း ရှစ်စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် အင်းစိန်မြို့နယ် (ဟိုက်ပတ်)သာယာအေးလမ်းနေ မိခင်ဒေါ်ခင်ညွန့်နှင့် သမီး မခင်မာဝေ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (က-ပ)

စက်ယန္တရားကြီးများဖြင့် ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှု နယ်စပ်/စည်ပင် ညွှန်ကြားရေးမှူးချုပ် ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကိုးကွေ့-ပေါင်းလောင်းချောင်း လမ်းပိုင်း မိုင်တိုင်တစ်မိုင် ငါးဖာလုံနှင့် မိုင်တိုင်လေးမိုင်ခုနစ်ဖာလုံတို့၌ ကျောက်ချောလမ်းခင်းနေမှု၊ မိုင်တိုင် လေးမိုင် သုံးဖာလုံနှင့် မိုင်တိုင် ငါးမိုင် တစ်ဖာလုံတို့၌ သစ်သားတံတားများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားကြီးများ အသုံးပြု၍ ကျောက်ကမ်းပါးယံများ ဖြိုချ လမ်းချဲ့ထွင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကြိမ်း ထုံးဘိုကြီးအပိုင်း မိုင်တိုင် ၂၆ မိုင် လေးဖာလုံနှင့်မိုင်တိုင် ၂၂ မိုင်ခြောက်ဖာလုံတို့၌ ကျောက်ချောလမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းခင်းကျောက်များ အချိန်မီရောက်ရှိရေး၊ ကျောက်ချောလမ်းခင်းမှု စနစ်တကျရှိရေး မှာကြားကာ ကျောက်ခွဲစက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ကျောက်ချောခင်းလျက်ရှိရာ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်ကုန်အထိ မန္တလေးတိုင်းအပိုင်း၌ ၅၂ မိုင် ခုနစ်ဖာလုံနှင့် ပဲခူးတိုင်းအပိုင်း၌ ၃၃ မိုင် ခြောက်ဖာလုံစုစုပေါင်း ၈၆ မိုင် ငါးဖာလုံ ဆောင်ရွက်ပြီးစီးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ သူငယ်တန်းတွင် စာပေဘာသာစုံ ပထမနှင့် ဘာသာရပ်သုံးခုတွင် ပထမရရှိသော မထက်ထက်အောင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်း ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

သုံးခွမြို့ မုံလယ်အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သုံးခွမြို့နယ် အမှတ်(၁၂)ရပ်ကွက် ရွှေပြည်အေးဘုရား ပရိဝုဏ်အတွင်း၌ တရားအလှူအဖြစ် အရှင်စက္ကိန္ဒ(ပဲခူး-မုံလယ်တောရ)နှင့် အရှင်ဇဝန(ပဲခူး-မုံလယ်တောရ) ဆရာတော်တို့က ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်အထိ မွန်းလွဲ ၂ နာရီနှင့် ည ၇ နာရီတို့တွင် တစ်နေ့ နှစ်ကြိမ် ငါးရက်တရားပွဲ ကျင်းပလျက်ရှိသည်။

(က-ပ)

မြောင်းမြ အထက(၅) နှစ်(၅၀)ပြည့် ရွှေရတုပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြောင်းမြ အထက (၅) ဖွင့်လှစ်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတုပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ရက်ရွှေ့၍ ၂၀၀၈ ခုနှစ် ဧပြီလတွင် ကျင်းပမည်ဖြစ်သည်။ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ရွှေရတုမဂ္ဂဇင်းအတွက် စာမူများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမြင့်(ခ)မင်းကိုမြင့် ဖုန်း-၀၉ ၅၁ ၈၈၇၈၇၊ ဦးမြင့်အေး ဖုန်း-၀၉ ၅၀ ၃၁၆၄၀၊ ၀၉ ၅၀ ၂၀၈၅၆၊ ဦးခင်မောင်အေး ဖုန်း -၂၉၁၃၇၉၊ ဦးစောသိန်း ဖုန်း- ၅၉၃၂၂၈၊ ဒေါ်မြင့်မြင့်သန်း ဖုန်း- ၅၅၉၆၆၃၊ ဦးဘိုဖြူ၊ ဦးဝမ်ကြည် (ကျင်းပရေးကော်မတီရုံး၊ မြောင်းမြ) ဖုန်း-၀၄၂-၇၀၀၄၃၊ ဦးဝင်းဆွေ ဖုန်း-၀၄၂-၇၁၂၃၉၊ ဦးအုန်းမြင့်(အရှည်ကြီး) ဖုန်း-၀၉ ၅၁၆၁၆၂၃၊ ဒေါ်ကြူကြူဆွေ ဖုန်း-၅၅၄၉၆၄ နှင့် ဦးကြည်ဇင် ဖုန်း- ၇၂၄၈၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

✻ ကျောဖုံးမှ

စမ်းချောင်းကျေးရွာသို့ ရောက်ရှိပြီး ကမ်းခြေမြေသား ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလွယ်တကူသွားလာနိုင်မည်

ငရုတ်ကောင်း-ကွင်းဘက်လမ်းသည် အရှည် ၁၆ မိုင် ၇ ဖာလုံ၊ အကျယ် ၁၈ ပေရှိပြီး လုပ်ငန်းများစတင်ဆောင်ရွက်ကာ ပြီးစီးပါက ပတ်ဝန်းကျင် ကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူများ ငရုတ်ကောင်း-ဆင်မ-ငွေဆောင်လမ်းမှ လည်းကောင်း၊ ငရုတ်ကောင်း-ငရုတ်ကောင်းတောင်-စိန်တောင်လမ်းမှ လည်းကောင်း ပုသိမ်မြို့သို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် စိန်တောင်-မော်တင်လမ်း မိုင်တိုင်အမှတ် (၂၇/၁)အနီး၌ FMI (MAGT)၏ ကြက်ဆူစိုက်ခင်းသို့ ရောက်ရှိပြီး မော်တင်စိုက်ကွင်း စီမံခန့်ခွဲရေးအဆောက်အအုံများကိုလည်းကောင်း၊ 50 KVA ထွက်ရှိသော L 6 အင်ဂျင်၊ L 130 KVA ထွက်ရှိသော V 8 အင်ဂျင်တို့ကို စပါးခွံအသုံးပြု လည်ပတ်မှုကိုလည်းကောင်း၊ ကြက်ဆူပျိုးပင် ခြောက်သိန်းနှင့် ရော်ဘာပျိုးပင် ၁၃၀၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုအားပေး၍ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

MAGT Ltd အနေဖြင့် ပုသိမ်-မော်တင်လမ်း၌ မြေဧက တစ်သိန်း ရယူ၍ မော်တင်ကြက်ဆူစိုက်ခင်းအား ပင်မစီမံကိန်းပုံစံကို မလေးရှားနိုင်ငံ Golden Hope Plantations Berhed အဖွဲ့က တာဝန်ယူရေးဆွဲခဲ့ပြီး စိုက်ခင်း၌ ဧက ၃၀ ကျယ်ဝန်းသော သုတေသနစိုက်ခင်းထူထောင်ထားရှိကာ ၂၀၀၇ ခုနှစ်တွင် ဧက ၇၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့၌ ခြံစည်းရိုးကြက်ဆူပင် ၈၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ငွေဆောင်မြို့အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၈၆ ဧက၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၇၅၉ ဧကစိုက်ပျိုးပြီးစီးကာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၃၁၄၉ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံပြီး မြို့နယ်ဆေးရုံဖွဲ့စည်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တက်ရောက်ကုသမှု ခံယူနေသူများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ငွေဆောင်ကမ်းခြေအပိုင်း ၁ နှင့် ၂ အတွင်းရှိ အပန်းဖြေဟိုတယ်များ ဖွဲ့စည်းတည်ရှိမှုနှင့် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ စင်တိုဆာကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြန်လည်ရောက်ရှိသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ယိုး တည်ခင်းသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့သည်။ ယင်းညစာစားပွဲတွင် ဝန်ကြီး ဦးဉာဏ်ဝင်းက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးစီးမှု အခြေအနေ၊ ယင်းအခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည့်ကိစ္စ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် ကိစ္စများ အပါအဝင် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အမြင်ချင်းဖလှယ်

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး၌ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ ပဋိညာဉ်စာတမ်းကို ဆောလျင်စွာ အတည်ပြုရေးကိစ္စ၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် ဖြစ်ပေါ်လာမည့် အာဆီယံ ဖွဲ့စည်းပုံအသစ်သို့ အသွင်ကူးပြောင်းမှုလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အာဆီယံဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်ရုံးများဖွင့်လှစ်၍ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်များကော်မတီကို ထူထောင်ရန်ကိစ္စ၊ အာဆီယံပဋိညာဉ်စာတမ်းကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်နှင့် အာဆီယံအတွက် ဘဏ္ဍာငွေရရှိရေးကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံ၏ ပဓာနကျမှုအခန်းကဏ္ဍကို ထိန်းသိမ်းရေးကိစ္စနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အခြေခံပုံစံကို ထူထောင်ရေး ကိစ္စများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံအကျိုးတူကိစ္စဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံတွင် ရှိနေစဉ် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဟာဆန်ဝီရာယုဒနှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်မြို့သို့ သောက်သုံးရေ ထပ်မံဖြည့်တင်းပေးနိုင်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးလုပ်ငန်းများ မြို့တော်ဝန် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့သို့ သောက်သုံးရေထပ်မံဖြည့်တင်းပေးနိုင်ရန်နှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ ရောက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်မြို့သို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ဒုတိယအဆင့် နေ့စဉ်ရေ ဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တည်ဆောက်နေသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးအား ခရေပင်လမ်းမှ ပဲခူးလမ်းအထိ ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာ ခင်းကျင်းနေမှုနှင့် ပြုပြင်ထိန်းသိမ်းနေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၉)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၃၃) တွင် ဖေဖော်ဝါရီ ၁၆ ရက်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ဒုတိယတန်း စံပြထူးချွန်ဆုရရှိသူ မအေးမြတ်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်း သာသနိက အဆောက်အအုံများ ရေစက်ချမင်္ဂလာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး အတွင်း၌ ဆောက်လုပ်ပြီးစီးလျက်ရှိသော သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်း၊ ယောဂီဆောင်များနှင့် မုခ်ဦးအပါအဝင် သာသနိကအဆောက်အအုံများကို မတ် ၁၅ ရက်မှ ၂၁ ရက်အထိ စတုဒိသာကျွေးမွေး၍ တပေါင်းလပြည့်(မတ် ၂၁ ရက်) သောကြာနေ့တွင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်ရာ အလှူရှင်ဒါယကာ၊ ဒါယိကာမများ အားလုံး ကြွရောက်ကြည်ညို ကုသိုလ်သဒ္ဓါပွားများကြပါရန်နှင့် ဖုန်း-၀၉၅၀၁၁၅၁၄၊ ၀၉ ၅၁၀၅၀၅၉ နှင့် ၇၀၅၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမက (၂၆)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရ မယွန်းဆုဝေအား ကျောင်းအုပ် ဆရာကြီး ဦးခင်မောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၁၅ ၄။ မဟာဂီတ ချိုကြည်မြ
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ **တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် - ဓာတုဗေဒ**
- ၅:၀၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅:၂၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅:၂၅ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၃၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၃၀ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒီလိုင်းနှင့်အတူ (အပိုင်း-၂၀)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ **စေညွှန်ရာလမ်းမများ - တက္ကစီမင်းနှင့် ရှင်မတောင်သနပ်ခါး**
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်ချစ်သူရဲကောင်း (အပိုင်း-၃၅)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ချမ်းသာသည့်နိုင်ငံများက လယ်ယာအမတော်ကြေးများ လျှော့ချရန် ဘရာဇီးနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးတို့ တိုက်တွန်း

ဘရာဇီးလီးယား ဖေဖော်ဝါရီ ၂၀

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် လယ်ယာအမတော်ကြေးများ လျှော့ပစ်ပြီး လယ်ယာထုတ်ကုန် ဈေးကွက်၌ လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့် ရရှိစေရန် ဖွင့်ပေးသင့်ကြောင်း အိန္ဒိယနှင့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးတို့က တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

ကုန်သွယ်မှုကို ကမောက်ကမဖြစ်စေသည့် အဆိုပါ အမတော်ကြေးငွေများကို အလျင်အမြန်လျှော့ချသင့်ပြီဟု ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဘရာဇီးသို့ အလည်အပတ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီး ပရာနက်မူခါဂျီက ပြောကြားသည်။

လိုအပ်နေ

ကမ္ဘာ့စီးပွားရေးကဏ္ဍတွင် လက်ရှိအခက်အခဲများသည် အရေးတကြီးဆောင်ရွက်ရန် လိုအပ်နေသည်ဟု ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆယ်လ်ဆိုအစိုရင်က ပြောကြားသည်။

ဒိုဟာကမ္ဘာ့ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှုကို ကုန်သွယ်မှုဖွံ့ဖြိုးစေရန်အတွက် ကုန်သွယ်မှု အတားအဆီးများလျှော့ချရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၁ ခုနှစ်က စတင်ကျင်းပခဲ့သည်။ စိုက်ပျိုးရေးထုတ်ကုန် ဈေးကွက်နှင့်စိုက်ပျိုးရေးမဟုတ်သည့် ပစ္စည်းဈေးကွက်နှင့် ပတ်သက်၍ သဘောထားကွဲလွဲသွားပြီးနောက် ယင်းဆွေးနွေးပွဲ ရပ်ဆိုင်းသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်းကို စစ်တပ်နှင့် ရဲတပ်ဖွဲ့ ဝင်ရောက်စီးနင်း သောင်းကျန်းသူသုံးဦး ဖမ်းဆီးရမိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ကျေးရွာများသို့ ဒေသဆိုင်ရာရဲတပ်ဖွဲ့နှင့် စစ်တပ်တို့ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှစ၍ ဝင်ရောက်စီးနင်းရာ သောင်းကျန်းသူသုံးဦးကို ဖမ်းဆီးမိခဲ့သည်ဟု အက်ဖ်အမ်-၁၀၀ ယာဉ်ထိန်းအသံလွှင့်ဌာနက ထုတ်ပြန်သည်။

ဒေသခံရွာသားများ၏ သတင်းပေးချက်အရ နာရာသီဝပ်ပြည်နယ် ဆူနိုင်ကိုလော့စ်ဒေသရှိ ရွာသုံးရွာကို စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့က ဝိုင်းရံပိတ်ဆို့ပြီး စီးနင်းခဲ့ရာ သောင်းကျန်းသူ သုံးဦးနှင့် လက်နက်ခဲယမ်း အမြောက်အမြားကို သိမ်းဆည်းရမိသည်ဟု သတင်း၌ ဖော်ပြသည်။ ဖမ်းဆီးရမိသူများမှာ အာဏာပိုင်များက အလိုရှိနေသူများဖြစ်သည်။ ၎င်းတို့သည်ယင်းဒေသ၌ ယခင်က တိုက်ခိုက်မှုများတွင်ပါဝင်ခဲ့သူများဖြစ်သည်ဟုယူဆရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်ပင်လယ်ပြင်အတွင်း ငါးဖမ်းရေယာဉ်နှင့်တိုက်မိခဲ့သော ဂျပန်ရေတပ်ဖွဲ့မှ ဒုံးကျည်တင် ဖျက်သင်္ဘော အာတာဂိုအား ကျိုတိုဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတား တရားဝင်ဖွင့်လှစ်

မွန်ရှီဂန်(ဘင်္ဂလားဒေ့ရှ်) ဖေဖော်ဝါရီ ၂၀

ဆဋ္ဌမမြောက် တရုတ်-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာ၏ အရှေ့တောင်ဘက် ၃၇ ကီလို မီတာခန့်အကွာရှိ မွန်ရှီဂန်ခရိုင်တွင် တနင်္လာနေ့က တရားဝင်ဖွင့်လှစ်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

တရုတ်အစိုးရ၏ အကူအညီနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အစိုးရက ကျေးဇူးတင်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရ၏ အကြံပေးပုဂ္ဂိုလ် ဖာခရူဒင်အာမက်က အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ယင်းတံတား ဖွင့်လှစ်လိုက်ခြင်းဖြင့် အနီးအပါးရှိဒေသများ၏ လူမှုဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပြီး တံတား အောင်မြင်စွာ တည်ဆောက်ခဲ့သည့် အလုပ်သမားများကိုလည်း ကျေးဇူးတင်သည်ဟု အာမက်က ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက မိတ်ဆွေနိုင်ငံများသို့ အကောင်းဆုံးသော အကူအညီများ ပေးနိုင်ရန် အစဉ်အမြဲ ကြိုးပမ်းနေသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇန်ကင်ဒီယန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယ ရေတပ်မှ ကင်းလှည့်ထွက်လာသည့် ရေငုပ်သင်္ဘောတစ်စင်းကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်၌ ရေယာဉ်တိမ်းမှောက် သင်္ဘောသားများကို ကယ်တင်နိုင်

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၀

နယူးဇီလန်နိုင်ငံအရှေ့ပိုင်း ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၈ ရက်က ပြင်သစ်သုံးစင်းတွဲရေယာဉ် တိမ်းမှောက်ရာ သင်္ဘောသား ၁၀ ဦးကို ရဟတ်ယာဉ်များဖြင့်ကယ်တင်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်းဒေသ ကမ်းလွန်ရေ မိုင် ၈၀ အကွာတွင် ဂရုပါမာ-၃ ရေယာဉ် တိမ်းမှောက်ခဲ့ရာ ရဟတ်ယာဉ်သုံးစင်းဖြင့် သင်္ဘောသားများကို ကယ်တင်ခဲ့ပြီး ဒူနီဒင်မြို့သို့ ပို့ဆောင်ပေးခဲ့သည်။

၎င်းတို့သည် အသက်ကယ်ဝတ်စုံကို ဝတ်ဆင်ထားကြကြောင်း၊ ရေယာဉ်၏ ဝမ်းထဲမှ ၎င်းတို့ကို ကယ်တင်ခဲ့ရာ ဒဏ်ရာရရှိမှု မရှိကြောင်း နယူးဇီလန် ပူးပေါင်းကယ်ဆယ်ရေးဌာနက ပြောကြားသည်။ အဆိုပါ ရေယာဉ်သည် ကမ္ဘာ့ရွက်လှေပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရေယာဉ်ဖြစ်ကြောင်း၊ ယင်းရေယာဉ်သည် တစ်နာရီလျှင် ၅၆ ကီလိုမီတာနှုန်းဖြင့် တိုက်ခိုက်ခဲ့သော လေပြင်းနှင့် ၁၀ ပေ အထိမြင့်သည့် လှိုင်းလုံးများကြောင့် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာအစိုးရတပ်ဖွဲ့များက သူပုန်စခန်းများကို တိုက်ခိုက်သိမ်းပိုက်

ကိုလံဘို ဖေဖော်ဝါရီ ၂၀

သီရိလင်္ကာ အစိုးရတပ်ဖွဲ့များက တမီးလ်ကျားသူပုန် ၁၀ဦးကို ပစ်သတ်ခဲ့ပြီး မြောက်ပိုင်းရှိ သူပုန်နယ်မြေကို တနင်္လာနေ့က သိမ်းယူခဲ့ကြောင်း၊ သုံးရက်တာ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့စဉ်အတွင်း သေဆုံးသူ ၆၈ဦး ရှိခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

သေဆုံးသူအများစုမှာ သူပုန်များဖြစ်သည်ဟု စစ်ဘက်က ပြောကြားသည်။ သီရိလင်္ကာအစိုးရနှင့် တမီးလ်ကျားသူပုန်တို့ လက်မှတ်ရေးထိုးထားသည့် ခြောက်နှစ်ကြာ အပစ်အခတ်ရပ်စဲရေးစာချုပ်ပျက်သွားပြီးနောက် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာသည်။ သူပုန်များက အပစ်အခတ်ရပ်စဲရေးကို အခွင့်ကောင်းယူပြီး လက်နက်များ ပြန်လည်တပ်ဆင်နေသည်ဟု အစိုးရက ပြောကြားသည်။

ဖော်ပြပါ တိုက်ခိုက်မှုများသည် အနောက်မြောက်ဒေသရှိ မန်နာခရိုင် ရှေ့တန်းဒေသတစ်လျှောက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစိုးရတပ်ဖွဲ့က အမြောက်ကြီးများ အသုံးပြုကာ မန်နာရှေ့တန်းရှိ ကျားသူပုန်တို့၏စခန်းကို သိမ်းပိုက်ခဲ့သည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် နာနာယက်ကာရာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လူမှောင်ခိုရှစ်ဦးအား ဒတ်ချ်ရဲတပ်ဖွဲ့ ဖမ်းဆီး

အမ်စတာဒမ် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံမှ နယ်သာလန်နိုင်ငံသို့ လူမှောင်ခို လုပ်နေသည်ဟု ယူဆရသော မသင်္ကာဖွယ် လူရှစ်ဦးကို ဒတ်ချ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း အင်္ဂါနေ့တွင် တာဝန်ရှိသူက ပြောကြားသည်။

တောင်းခံ

၎င်းအုပ်စုသည် ခရီးသွား စာရွက်စာတမ်းအတု ပြုလုပ်ပြီး နယ်သာလန်နိုင်ငံသို့ လူများပို့ဆောင်ရန် အခကြေးငွေများ တောင်းခံခဲ့သည်။ ၎င်းအုပ်စုသည် နယ်သာလန်နိုင်ငံမှ ဗြိတိန်နှင့် စကင်ဒီနေးဗီးယားနိုင်ငံများသို့လည်း အမြဲတမ်း ပို့ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ပြည်သူ ၂ ဒသမ ၂ သန်းခန့်သည် ၎င်းတို့၏ တိုင်းပြည်တွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အခြားနိုင်ငံများသို့ ပြောင်းရွှေ့လျက်ရှိသည်။ ၎င်းတို့သည် ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံတို့သို့ အများဆုံးပြောင်းရွှေ့ကြသည်။ အခြား ၂ ဒသမ ၂ သန်းသည် အီရတ်နိုင်ငံအတွင်းရှိ လုံခြုံမှု ရှိသော ဒေသများသို့ ၎င်းတို့၏ ကျေးရွာများနှင့် မြို့များမှ ထွက်ခွာခဲ့ကြသည်။ သံသယရှိသူများကို နယ်သာလန် နိုင်ငံရှိ ဒေသအချို့တွင် ဖမ်းဆီးခဲ့သည်။ အီရတ်နိုင်ငံမှ လူများကို ဆီးရီးယားနိုင်ငံသို့ လည်းကောင်း၊ ဆီးရီးယားမှ တူရကီနိုင်ငံ အရှေ့ပိုင်းနှင့် ဂရိနိုင်ငံများသို့လည်းကောင်း တင်ပို့ပြီး ယင်းနေရာမှ ခရီးသွားစာရွက်စာတမ်း အတုပြုလုပ်၍ နယ်သာလန်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

တောင်ကိုရီးယား စစ်ရဟတ်ယာဉ်ပျက်ကျ ခုနစ်ဦးသေဆုံး

ဆိုးလ် ဖေဖော်ဝါရီ ၂၀

တောင်ကိုရီးယားနိုင်ငံမှ စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ဆိုးလ်မြို့ အရှေ့ဘက်၌ တောင်နှင့်တိုက်မိပြီး ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးကြောင်း စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

ရဟတ်ယာဉ် ပျက်ကျသည့်နေရာသို့ သွားရောက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်သည် တပ်ဖွဲ့ဝင် တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပြီးနောက် အခြေစိုက်စခန်းသို့ ပြန်လာစဉ် ပျက်ကျခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တိုရှီဘာကုမ္ပဏီမှ ထုတ်လုပ်မှုရပ်ဆိုင်းလိုက်သည့် HD-DVD စက်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုဘားမားသည် စစ်ရေးနှင့်ပတ်သက်လျှင် ဘာမျှသိရှိသူ မဟုတ်ကြောင်း ဂျွန်မက်ကိန်းက ဝေဖန်



ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ရှေ့ဆုံးမှပြေးနေသော ပြိုင်ဘက်များဖြစ်သည့် ဘာရက်အိုဘားမား **(ဝဲပုံ)**နှင့် ဂျွန်မက်ကိန်း **(ယာပုံ)** တို့သည် ဖေဖော်ဝါရီ၂၀ရက်က နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ အပြန်အလှန် ထိုးနှက်ဝေဖန်ခဲ့ကြသည်။

အကြိုအခြေခံသမ္မတလောင်းရွေးပွဲ၌ အနိုင်ရရှိသူများသည် အမေရိကန်နိုင်ငံ၏ သမ္မတဖြစ်လာရေးအတွက် ၂၀၀၈ခုနှစ်နိုဝင်ဘာရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဒေသသုံးခု၌ နိုင်

ယှဉ်ပြိုင်သူအီလီနွိုက်ပြည်နယ် ဆီနိတ်တာ အိုဘားမားသည် ဖေဖော်ဝါရီ၁၉ ရက်က ပြီးစီးသွားသည့် အကြိုအခြေခံရွေးချယ်ပွဲ တွင် ဝက်စ်ကွန်ဆင်၊ ဝါရှင်တန်နှင့် ဟာဝိုင်ယီဒေသသုံးခု၌ အနိုင်ရရှိခဲ့သည်။ သို့ဖြစ်၍၎င်းအနေဖြင့် အခြေခိုင်သည်ထက် ပို၍ခိုင်စေရန် ကြိုးစားလျက်ရှိသည်။

ဟာဝိုင်ယီဒေသတွင် အိုဘားမားသည် ၎င်း၏ပြိုင်ဘက် နယူးယောက်ဆီနိတ်တာ ဟီလာရီကလင်တန်အပေါ် ထောက်ခံသူ၇၆ရာခိုင်နှုန်းရရှိပြီး အနိုင်ရရှိသွားသည်။ ကလင်တန်အပေါ် ထောက်ခံသူ ၂၄ရာခိုင်နှုန်း သာရှိသည်။

ရီပတ်ဘလီကန်ပါတီမှ အကြိုအခြေခံသမ္မတလောင်း အရီဇိုးနားပြည်နယ်ဆီနိတ်တာမက်ကိန်းသည် ၎င်း၏မဲဆွယ်ပွဲများကို အိုဟိုင်းယိုးတွင် အာရုံစိုက်၍ ပြုလုပ်နေပြီဖြစ်သည်။ အင်္ဂါနေ့က မဲဆွယ်ရာ၌ မက်ကိန်းက အိုဘားမားသည် စစ်ရေးနှင့် ပတ်သက်လာလျှင် ဘာမျှသိရှိသူမဟုတ်ဟု ဝေဖန်သွားသည်။

စစ်ရေးကိစ္စများနှင့် ပတ်သက်လာလျှင် ရှေ့တွင်ဘာလုပ်မည်ကိုထုတ်ဖော်မပြောသင့်ကြောင်း၊ သို့သော် အိုဘားမားသည် ဩဂုတ်လအတွင်းက ဟောပြောရာ၌ ပါကစ္စတန်နိုင်ငံအနေဖြင့် လုံလောက်သော အရေးယူမှုများမလုပ်ခဲ့လျှင် အမေရိကန်အနေဖြင့် ထိုနိုင်ငံရှိ အယ်လ်ခိုင်ဒါများကို တိုက်ခိုက်မည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။ ယင်းအချက်ကပင် အိုဘားမားသည် စစ်ရေးကိစ္စတွင်နားမလည်သူဖြစ်ကြောင်း ဖော်ပြနေသည်ဟု မက်ကိန်းက ထောက်ပြဝေဖန်သွားသည်။

မက်ကိန်း၏ ဟောပြောမှုများသည် အိုဘားမားအရှိန်ကောင်းကောင်းဖြင့် အနိုင်ရနေသည်ကို ပျက်ပြားစေရန်ကြိုးပမ်းမှု၊ အထင်အမြင်လွဲမှားစေရန် အားထုတ်နေမှုများသာဖြစ်သည်ဟု အိုဘားမား၏ မူဝါဒရေးရာအကြံပေး စူဇင်ရိုက်စ်က ပြောကြားသည်။

အသက်၇၁နှစ်ရှိမက်ကိန်းသည် ဗီယက်နမ်စစ်ပြန်တစ်ဦးဖြစ်ပြီး အီရတ်စစ်ပွဲကို ထောက်ခံအားပေးသူလည်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်အကြိုအခြေခံသမ္မတရွေးပွဲဝင်ပြိုင်ဘက်များ၏ ရန်ပုံငွေထူထောင်နိုင်မှု အခြေအနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

ဒီမိုကရက်တစ်ပါတီမှ အကြိုအခြေခံအဆင့်တွင် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဘာရက်အိုဘားမားသည် ဇန်နဝါရီလအတွင်း မဲဆွယ်ပွဲများ၌ အသုံးပြုရန်ပုံငွေစုဆောင်းရရှိမှုသည် အမေရိကန်ဒေါ်လာ ၃၆ သန်းရှိသည်ဟု ဗုဒ္ဓဟူးနေ့ထုတ် ရွေးကောက်ပွဲဘဏ္ဍာရေးအခြေအနေလေ့လာချက် အစီရင်ခံစာက ဖော်ပြသည်။

သုံးဆပိုမိုများပြား

အိုဘားမားရရှိသော ရန်ပုံငွေပမာဏသည် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ ဂျွန်မက်ကိန်း ရရှိသော ရန်ပုံငွေပမာဏထက် သုံးဆ ပိုမိုများပြားသည်။

ပြီးခဲ့သော နွေရာသီကာလက မဲဆွယ်ပွဲများတွင် မက်ကိန်းသည် ရန်ပုံငွေအသုံးစရိတ်နှင့် ပတ်သက်၍ အခက်အခဲတွေ့ရမည့် အခြေအနေအထိပင်ရောက်ခဲ့သည်။ သို့သော် နောက်ပိုင်း၌ ရီပတ်ဘလီကန်ပါတီတွင်း၌ ၎င်း၏ အခြေအနေ ပြန်လည်ကောင်းမွန်လာသောအခါ ရန်ပုံငွေရရှိမှု ပြန်လည်တိုးတက်လာသည်။ ၎င်းသည် မဲဆွယ်စရိတ်ရန်ပုံငွေအဖြစ် ဇန်နဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ သန်းရရှိခဲ့သည်။

ကိုယ်ပိုင်ငွေကိုပင်ကျခံ

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်သူ ဆီနိတ်တာဟီလာရီကလင်တန်သည် မဲဆွယ်ပွဲရန်ပုံငွေအတွက် ဇန်နဝါရီလအတွင်း ရရှိငွေမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ သန်းရှိသည်။ ၎င်းသည် မိမိကိုယ်ပိုင်ငွေမှ ထုတ်ချေးငွေ အမေရိကန်ဒေါ်လာ ငါးသန်းကိုပင် ကျခံကာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိုဘားမား၏ဟောပြောချက် အနှစ်အသားမပါဟု ဆီနိတ်တာကလင်တန်ဝေဖန်



ဟီဒယ်လ်ဖိုး(တက္ကဆက်) ဖေဖော်ဝါရီ ၂၁

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်အကြိုအခြေခံ သမ္မတလောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်သူ ဆီနိတ်တာဘာရက်အိုဘားမား၏ဟောပြောချက်များသည် လေသာများပြီး အနှစ်အသားမပါဟု ဆီနိတ်တာဟီလာရီကလင်တန် **(အပေါ်ပုံ)** က ဖေဖော်ဝါရီ ၂၀ရက်တွင် ဝေဖန်ပြောကြားသည်။

အိုဘားမားသည် အကြိုအခြေခံသမ္မတလောင်း ရွေးပွဲတွင် ကလင်တန်အပေါ် မဲဆန္ဒနယ် ၁၀ခု၌ ဆက်တိုက်အနိုင်ရလျက်ရှိသည်။ ထိုအရှိန်ကို ဟန့်တားနိုင်ရန် ဟီလာရီက ဟောပြောစည်းရုံးနေခြင်းဖြစ်သည်။

အမေရိကန်သမ္မတ တာဝန်ကိုထမ်းဆောင်ရာ၌ အလုပ်တာဝန်ထမ်းဆောင်ရင်း လေ့လာသင်ယူသွားမည့် သမ္မတမျိုးနှင့်မသင့်တော်ကြောင်း၊ နားလည်သိကျွမ်းပြီး သူနှင့်သာ ထိုက်တန်သည့်ရာထူးမျိုးဖြစ်ကြောင်း ကလင်တန်က တက္ကဆက်ပြည်နယ်၏ နယ်စပ်မြို့တွင် ဟောပြောသွားသည်။

တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ်များတွင် အကြိုအခြေခံသမ္မတလောင်းရွေးပွဲများကို မတ်၄ရက်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါနေ့မတိုင်မီ ကလင်တန်က အိုဘားမားကို ထိုးနှက်နေခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

လက်နက်ကိုင်ဓားပြသုံးဦးအား မလေးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၀

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟိုးပြည်နယ်တွင် လက်နက်ကိုင်ဓားပြမှုများနှင့် ပတ်သက်၍ လူသုံးဦးကို မလေးရှားရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနကဖေဖော်ဝါရီ ၁၉ရက်တွင်ဖော်ပြသည်။

သုံးဦးစလုံးကို လက်နက်နှစ်လက်၊ ခဲယမ်းများ၊ ယာဉ်နှစ်စီးနှင့်အတူဖမ်းဆီးရမိပြီး ၎င်းတို့အနက် တစ်ဦးကို ခိုးရာပါပစ္စည်းများနှင့်အတူ လက်ကိုင်ဖုန်းခြောက်လုံးကိုပါ သိမ်းဆည်းခဲ့သည်။

၎င်းတို့သုံးဦးသည် အနည်းဆုံးအမှုရှစ်မှုကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း ဂျိုဟိုးပြည်နယ်ရဲချုပ် မော့ခ်တာရာရက်ဖ်က ပြောကြားသည်။

ဂျိုဟိုးပြည်နယ် မူအာဒေသကို ဖေဖော်ဝါရီ ၁၆ရက်က ရဲတပ်ဖွဲ့များ ဝင်ရောက် စီးနင်းရှာဖွေခဲ့သည်။ နှစ်ဦးသည် ဓားပြမှုများတွင် ပါဝင်သည်ဟု ဝန်ခံခဲ့ပြီး ကျန်တစ်ဦးသည် ယာဉ်မောင်းသူဖြစ်သည်။ ရဲတပ်ဖွဲ့သည် ဆီအုန်းစိုက်ပျိုးရေးခြံရှိ တဲတစ်တဲကို ဝင်ရောက်ရှာဖွေရာ လက်နက်များနှင့် ခဲယမ်းများကို တွေ့ရှိကြောင်း၎င်း၏ ပြောကြားချက်ကို နယူးစထရိတ်တိုင်းစ် သတင်းစာ ကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီကေကေသူပုန်များအား တိုက်ခိုက်ရန် တူရကီစဉ်းစားသုံးသပ်လျက်ရှိ

အင်ကာရာ ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာဒစ်ရှ်သူပုန်စခန်းများကို မြေပြင်စစ်ဆင်ရေး ပြုလုပ်၍ တိုက်ခိုက်ရန် တူရကီနိုင်ငံက စဉ်းစားသုံးသပ်နေကြောင်း နိုင်ငံခြားရေးဝန်ကြီး အလီဘာဘာကင်က အင်္ဂါနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ နယ်စပ်ရှိ တောင်ထူထပ်သော ဒေသတစ်လျှောက် တူရကီနိုင်ငံက တပ်ဖွဲ့ဝင်တစ်သိန်းကို စုစည်းထားရှိသည်။

ကာဒစ္စတန်အလုပ်သမားပါတီ(ပီကေကေ)ကို တရားမဝင်ကြောင်း ကြေညာခဲ့ပြီး သူပုန်များကို တူရကီနိုင်ငံက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ကာ ဒေသအချို့မှ တိုက်ခိုက်မောင်းထုတ်ခဲ့သည်။

ယခုလစောစောပိုင်းတွင် တူရကီစစ်လေယာဉ်များက အီရတ်နိုင်ငံအတွင်းရှိ ပီကေကေသူပုန်များ၏ ပစ်မှတ် ၇၀ ကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ပုံမှန်အားဖြင့် တူရကီတပ်ဖွဲ့များသည် နွေဦးကာလအချိန်၌ တူရကီနိုင်ငံအတွင်းရှိ ပီကေကေသူပုန်များကို စစ်ဆင်ရေးများ ပြုလုပ်၍ တိုက်ခိုက်မှုအရှိန်မြှင့်တင်လျက်ရှိရာ တောင်တန်းများတွင် ဆီးနှင်းများ အရည်ပျော်နေသောကြောင့် တိုက်ခိုက်ရန်ကိစ္စကို စဉ်းစားနေခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အတ္တလန္တစ်ယာဉ်ဆင်းသက် စပိုင်ဂြိုဟ်တု ဖျက်ဆီးပစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အတ္တလန္တစ် အာကာသယာဉ်သည် အာကာသစခန်းယာဉ်သို့ ဖေဖော်ဝါရီ ၉ရက်တွင်ရောက်ရှိချိတ်ဆက်ပြီးနောက် လုပ်ငန်းများ ဆောင်ရွက်ကာ ၁၃ရက်အကြာ ဖေဖော်ဝါရီ ၂၁ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၀၇မိနစ်၌ ဖလော်ရီဒါပြည်နယ်ကနေဒီအာကာသစခန်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့ကြောင်း နာဆာရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားသည်။

ထို့ပြင် အာကာသ၌ ထိန်းချုပ်မှုကင်းလွတ်နေပြီဖြစ်သည့် စပိုင်ဂြိုဟ်တု (ထောက် လှမ်းရေးဂြိုဟ်တု) တစ်လုံးကို အမေရိကန် ရေတပ်သင်္ဘောတစ်စင်းပေါ်မှ ဒုံးကျည်ဖြင့်ပစ်ခတ်ကာ ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ စီအင်န်အင်န်သတင်းအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်ပကာတွန်းရုပ်ရှင်ပြသမှု တရုတ်တွင် အချိန်ကန့်သတ်ထား

ပေကျင်း ဖေဖော်ဝါရီ ၂၁

ပြည်တွင်းကာတွန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုကို တွန်းအားပေးနိုင်ရန် လှုံ့ဆော်မှုအနေဖြင့် တရုတ်အစိုးရက အရေးပါသည့် အချိန်အတွင်း ပြည်ပမှ ကာတွန်းရုပ်ရှင်ကားပြသမှု ကန့်သတ်ထားခြင်းကို အချိန်တစ်နာရီ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားစောင့်ကြည့်လေ့လာရေးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပြည်တွင်းကာတွန်းရုပ်ရှင်ပြသသည့်အချိန် သို့တည်းမဟုတ် ကလေးငယ်များ အစီအစဉ်ကို မေ ၁ရက်တွင် စတင်ထုတ်လွှင့်စဉ် ညနေ ၅နာရီမှ ည ၉နာရီအထိ ပြည်ပကာတွန်းရုပ်ရှင် ပြသမှုမပြုလုပ်ရန်နှင့် ရေဒီယိုရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာန(အက်စ်အေအာအက်ဖ်တီ)က ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။ အက်စ်အေအာအက်ဖ်တီက ပြည်ပကာတွန်းရုပ်ရှင်ပြသမှုအချိန်ကို ညနေ ၅နာရီ သို့တည်းမဟုတ် ည ၈နာရီအပြီးတွင် ပြသရန် ၂၀၀၆ခုနှစ် ဩဂုတ်လက ကန့်သတ်ခဲ့သည်။

ပြည်တွင်းနှင့် ပြည်ပမှ ပူးတွဲထုတ်လုပ်သည့် ကာတွန်းရုပ်ရှင်များအနေဖြင့် မေ ၁ရက် ညနေ ၅နာရီနှင့် ည ၉နာရီအကြား ပြသနိုင်ရန်အတွက် အက်စ်အေအာအက်ဖ်တီထံမှ ခွင့်ပြုချက် ယူရမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဦးခိုက်ပူဇော် ဗုဒ္ဓဆံတော်ရှင် မြတ်မော်တင်စေတီတော်

မောင်တင်လှိုင်
(ဟိုတယ်/ခရီး)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရာနိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရားပွဲတော်များကို ကျင်းပလျက်ရှိပေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးစေတီဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော် အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ဖြစ်ပါသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသာသနာ့သမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ (၂၀၀၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ) ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပေသည်။ မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော်ကို တစ်နှစ်လျှင် တစ်ကြိမ်သာကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်တော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးခဲ့သော ဆံတော်များ တည်နေကိန်းဝပ်တော်မူရာ စေတီမြတ်ဖြစ်လေသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက် ဖူးမြော်ရာဌာနဖြစ်ပြီး သမိုင်းအစဉ်အလာရှိနေသဖြင့် မြတ်မော်တင်စေတီသည် မြန်မာနိုင်ငံတော်၏ အထင်ကရထင်ရှားသော စေတီတော်တစ်ဆူဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်များအနက် ဇေယျသေနနဂါးမင်းသည် တန်ခိုးဖြင့် ဆံတော်ဓာတ်နှစ်ဆူကို ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ်ကိုးကွယ်ရာသာ ဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင် ယခု မော်တင်တောင်စွန်းကို တွေ့မြင်၍ ဝမ်းသာအားရစွာဖြင့် ထိုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဥက္ကလာပတိုင်း အသိကဥ္စနမြို့မှ သုဝဏ္ဏသူဌေးကြီး၏ သားတော်နှစ်ပါးဖြစ်သော တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသအရပ်သို့ရောက်ရှိရာ မာရ်ငါးပါးကိုအောင်မြင်ပြီး ဗောဓိမဏ္ဍိုင်ပလ္လင်နေရာမှ အစပြုလျက် ခုနစ်ရက် ခုနစ်လီ ကြည့်ရှုစံပျော်နေထိုင်တော်မူရာ ဌာနအဆုံး သတ္တာဟနေတော်မူရာ ရာဇာရတနလင်းလွန်းပင်၌ သီတင်းသုံးနေတော်မူသော ဂေါတမမြတ်စွာဘုရားသခင်အား တင်လဲထောပတ်တို့ဖြင့်ရောစပ်၍ ပြုလုပ်အပ်သော မုန့်တို့ကိုယူဆောင်၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းခွင့်ရရှိကြလေသည်။

မြတ်စွာဘုရားသည် မုန့်များကိုအလှူခံ၍ ဘုဉ်းပေးတော်မူသည်ကို မြင်ကြရသော တဖုဿနှင့် ဘလ္လိကတို့သည်ကား သဒ္ဓါတရားလွန်စွာဖြစ်ပြီး ကြည်ညိုဝမ်းမြောက်ကြပြီးလျှင် သရဏဂုံခံယူကြလေသည်။ ကုန်သည်ညီနောင်တို့သည် ဝမ်းမြောက်စွာ သရဏဂုံခံယူကြပြီးလျှင် မြတ်စွာဘုရားကိုယ်စား တပည့်တော်များ၏ အားထားကိုးကွယ်ရာကို ပေးသနားတော်မူပါဘုရားဟု လျှောက်ထားကြလေသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူပြီးလျှင် ရှစ်ဆူသော ဆံတော်မြတ်တို့သည် လက်တော်၌ ကပ်ငြိ၍ပါလာကုန်၏။ ၎င်းဆံတော်ရှစ်ဆူကို ကုန်သည်ညီနောင်တို့၏ လက်သို့ ပေးသနားတော်မူပြီးလျှင် ဤဆံတော်မြတ်များကို ဘုရား၏ ကိုယ်စား အားထားကြည်ညို ကိုးကွယ်ဆည်းကပ်ပူဇော်ကြလေဟု မိန့်တော်မူလေသည်။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်တော်မြတ်ကို ပထမ ပေးအပ်ခြင်းခံရသူ ပုဂ္ဂိုလ်ထူးများဖြစ်ကြပေသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်သို့ ဘုရားဖူးများသွားရေးလာရေး လွယ်ကူစေရန် ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့် ရန်ကုန်မှ ၂၅၈ မိုင်ဝေးသော ခမောက်မော်သို့ ၆-၃-၂၀၀၈ မှ ၂၁-၃-၂၀၀၈ တပေါင်းလပြည့်နေ့အထိ ရန်ကုန်မြို့ လမ်းသစ်တံတားမှ နေ့စဉ် ညနေ ၃ နာရီမှစ၍ ရန်ကုန်-မအူပင်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်-ငပုတော-ဟိုင်းကြီး-ခမောက်မော် ခရီးစဉ်ဖြင့် ရိုးရိုးတန်းနှင့် ပထမတန်းများဖြင့် သွားလာနိုင်ပေသည်။ သင်္ဘောလက်မှတ်များကို လမ်းသစ်တံတားလက်မှတ်ရုံတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ရက်ကြို ရောင်းပြီး၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ နေ့ချင်းရောင်းချပေးမည်ဖြစ်ပေသည်။ ပုသိမ်မှ နံနက် ၁၀နာရီထွက်ခွာလျှင် ခမောက်မော်သို့ ညနေ ၅နာရီတွင်ရောက်ရှိပြီး တစ်ဆက်တည်းမှာပင် ဆံတော်ရှင်မြတ်မော်တင်စေတီသို့ ရောက်ရှိမည်ဖြစ်ပါသည်။ ခမောက်မော်မှ နံနက် ၈နာရီ သင်္ဘောထွက်လျှင် နောက်တစ်နေ့နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သဖြင့် သွားရေးလာရေး အထူးလွယ်ကူလှပေသည်။

ဘုရားပွဲတော်သို့သွားရောက်မည့် သင်္ဘောများ၏ခေါင်မိုးများပေါ်၌ သာသနာ့အလံများ၊ ပလတ်စတစ်ပူဖောင်းများကို ဝါးခက်ဖြင့် တင့်တယ်လှပစွာ ပန်းဖွားဆင်ထားတတ်ပါသည်။ ကျေးရွာခလေ့တေးသံသာများဖြင့်လည်း လွှင့်ထုတ်ပေးနေသည်မှာ ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလိုစိတ်များဖြစ်ပေါ်စေပါသည်။ အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်ဘုရားဖူးနိုင်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ဖူးမြော်သည့်အခါ ဘုရားဖူးများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားပါသည်။ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးကအစ ဆောင်ရွက်ပေးထားပါသည်။ ခမောက်မော်မှ မော်တင်စွန်းစေတီအရောက် မော်တော်ယာဉ်လိုင်းပေါင်းစုံမှလည်း ယာဉ်အမျိုးမျိုးဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။ တည်းခိုခန်းများမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေပြင်၏အလှ၊ သဘာဝနှင့် ပနံရတင့်တယ်လျက်ရှိသည်။ ပျော်ပွဲရွှင်ပွဲများ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်ပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပပေးမည်ဖြစ်ပေသည်။

ခမောက်မော်ဆိပ်ကမ်းတွင် စာတိုက်နှင့် ဆက်သွယ်ရေးစခန်းများ ထားရှိခြင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လက်မှတ်ရုံများထားရှိခြင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနများ ထားရှိပေးခြင်းတို့ကြောင့် ဘုရားဖူးများအား အဆင်ပြေစေသည်။ ဘုရားဖူးပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို မြို့နယ်၊ကျေးရွာကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးရန် စီစဉ်ထားသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များရှိပေသည်။

လပြည့်၊လကွယ်နေ့များတွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း၊ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊ ခေါင်းလောင်းသံများမတီးဘဲ မြည်တတ်ခြင်း၊ တောင်ကုန်းနှင့် ပရိဝုဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊ ညအခါ စေတီတော်အား တစ်ယောက်တည်းအဓိဋ္ဌာန်ပြု၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံ၊ငွေသံကြားရခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့ အမြောက်၊ ဗုံး၊ စက်သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်တစ်ခုမျှမခခြင်း၊ ယခုထက်တိုင် ဆွမ်းများရုံဖန်ရုံခါ ဆွမ်းဦးအောင်မတင်နိုင်ခြင်း၊ လပြည့်၊လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံ၊ဗုံသံစသော တူရိယာအမျိုးမျိုး၏ အသံများကို အရဏ်ဦးအခါသမယတို့တွင် ကြားရတတ်ခြင်း၊ ဘေးအန္တရာယ်များကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ဘုရားပွဲတော်ကြီးတွင် လူထောင်သောင်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှရေများ မလျော့ခြင်း၊ တပေါင်းပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊ ဘုရားပွဲတော်တွင် လူအပေါင်းထောင်သောင်းချီ၍ လာရောက်သော်လည်း တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင်တွင် ယုံကြည်စွာဖြင့် အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများကြားရခြင်း၊ စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင်၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်ဖြင့်ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခနှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း စသည်တို့မှာ စေတီတော်မြတ်ကြီး၏အံ့ဖွယ် တန်ခိုးတော်များပင်ဖြစ်ပေသည်။

လူများ၊နတ်များသာမက နတ်နဂါးတို့ အလွန်ကြည်ညိုခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဇေယျသေနနဂါးမင်းအမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍ လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟူ၍ လည်းကောင်း ခေါ်တွင်ခဲ့ကြောင်း သိရပေသည်။

အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ် မော်တင်စွန်းသို့ ရောက်ရှိခဲ့ရာ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးတည်ရာ နေရာအရပ်တွင် အခြားမင်းတို့ဆက်သသော မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့ကို ဌာပနာ၍ မြသားစေတီကို သက္ကရာဇ် ၄၅၇ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်ဖြင့် အလောင်းစည်သူ မင်းကြီးကိုယ်တိုင်ဦးဆောင်၍ တည်ထားတော်မူထားသည့် ဘုရားများကိုလည်း ဖူးမြော်နိုင်ပေသည်။

ပုသိမ်မြို့မှ ဆံတော်ရှင်မြတ် မော်တင်ဘုရားသို့ ၁၀၁မိုင် ၃ဖာလုံ ကွာဝေးသော ကားလမ်းရှိရာ မော်တော်ကားများဖြင့်လည်း သွားလာနိုင်သည်။ ပုသိမ်မြို့မှ ၈၆မိုင်ကွာဝေးသော ခမောက်မော်သို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးများဖြင့်လည်း သွားလာနိုင်ပါသည်။

မြတ်မော်တင်စေတီတော်ကို ဖူးမြော်ရင်း ဧရာဝတီတိုင်း၏ သာယာတိုးတက် ဖွံ့ဖြိုးနေသောလုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှ၊ သဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များစသည့် စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်း ဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် ဟိုင်းကြီးကျွန်းမြို့နှင့် စံပြရွာ၊ အဏ္ဏဝါ၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကံချိုင်ရွာ၊ ဓနိချိုင်ရွာတို့၏ သဘာဝအလှအပများကိုတွေ့မြင်ရမည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပျူငှာနွေးထွေးစွာ ဆက်ဆံမှုကိုလည်းထိတွေ့ခံစားရမည့်အပြင် ဒေသန္တရဗဟုသုတများလည်း များစွာရရှိမည်ဖြစ်ပါသည်။ မြွေတောင်(ခ)ငွေတောင်တွင် ရေချိုးရသည်များမှာ လွန်စွာပျော်ရွှင်မှုကိုဖြစ်စေပါသည်။

စိတ်ရွှင်လန်းမှုဖြစ်ရခြင်း၊ ကျန်းမာရေးကိုအထူးအထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ သဘာဝရေကို ချိုး၍ အုန်းရည်ချိုချိုလေးများ သောက်သုံးရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

ဆံတော်ရှင်စေတီတော်မြတ်အား ရွှေစင်ရွှေသားများ လုံးတော်ပြည့်ကပ်လှူထားပြီး အရံစေတီ ၁၆ ဆူတို့အား ထီးတော်အသစ်များ တင်လှူခဲ့သည်။ အရံစေတီ ၁၆ဆူကို တစ်ဆူချင်းလုံးတော်ပြည့်ရွှေသင်္ကန်းများကို အလှူရှင်များပါဝင်လှူဒါန်းနိုင်ပါသည်။ သာသနိက အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည်ပြုပြင်ထားသည့်အတွက် ဆံတော်ရှင်မြတ်မော်တင် စေတီမှာ အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပေသည်။

ဘုရားဖူးများ စိတ်အေးချမ်းကြည်ညိုစွာ ဖူးမြော်နိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာစီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြစေရန် စေတနာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဧရာဝတီတိုင်းတွင် ကျေးလက်လမ်းသစ်များ ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပန်းတနော်မြို့နယ် အင်းမ–အင်းတကော–ခရေကန် ကျေးလက်ကျောက်ချောလမ်းသစ်(သရက်တော–ဖြန့်ကြီး–တိုက်ကုန်းလမ်းပိုင်း)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းတွင် အဆိုပါ မုခ်ဦးနေရာ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပန်းတနော်မြို့နယ် အင်းမ–အင်းတကော–ခရေကန် ကျေးလက်ကျောက်ချော လမ်းသစ်(သရက်တော– ဖြန့်ကြီး–တိုက်ကုန်းလမ်းပိုင်း)ဖွင့်ပွဲကို တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ အင်းမ–အင်းတကော–ခရေကန်–ခနော် ကျေးလက်လမ်း အရှည် ၁၁ မိုင်အနက် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ၎င်းလမ်းပေါ်ရှိ အရှည် ၁၀၈ ပေ၊ အကျယ် ၁၂ ပေရှိ ကျွန်းခရင်သစ်သားတံတား တစ်စင်းနှင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အင်းမကျေးရွာမှ သရက်တောကျေးရွာအထိ အရှည် တစ်မိုင် နှစ်ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောက်ရွက်နိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် သရက်တော–ဖြန့်ကြီး–တိုက်ကုန်းလမ်းပိုင်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေရှိ၍ လမ်းပြီးစီးသွားသဖြင့် ရန်ကုန်–ပုသိမ် အဝေးပြေးကားလမ်းမကြီးသို့ လည်းကောင်း၊ ပန်းတနော်မြို့နယ်နှင့် ကျုံပျော်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့သို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်သော လမ်းဖြစ်ကာ အင်းမ–အင်းတကော–ခရေကန်–ခနော်ကျေးရွာအုပ်စု လေးအုပ်စုတို့မှ ကျေးရွာ ၃၉ရွာ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေချောမွေ့ကြောင်း သိရှိရသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်းမကျေးရွာအုပ်စု ဖြန့်ကြီးတိုက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မန်းကြာလှိုင်ခန်းမ၌ အင်းမ၊ အင်းတကော၊ ခရေကန်နှင့် ခနော်ကျေးရွာ အုပ်စုများမှ ကျေးလက်ပြည်သူများအား တွေ့ဆုံသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် ဇလွန်မြို့နယ် ဇလွန်မြို့ အဒါးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အဒါးလမ်းမှာ အရှည်ပေ ၂၆၄၀၊ အကျယ် ၁၂ ပေရှိပြီး ဇလွန်–ပျဉ်းမကုန်းကျေးလက် ကျောက်ချောလမ်းနှင့်လည်းကောင်း၊ ဇလွန်–ကော့ကပ်ကျေးလက် ကျောက်ချောလမ်းနှင့်လည်းကောင်း ဆက်သွယ်လျက်ရှိကာ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ပြည်သူများအနေဖြင့် အထောက်အကူပြုသည့် အဓိကလမ်းမကြီးဖြစ်သည့်အပြင် ဇလွန်မြို့မှ ရန်ကုန်မြို့၊ ဓနုဖြူမြို့နှင့် ဟင်္သာတမြို့များသို့ ဆက်သွယ်ပေးသော လမ်းတစ်လမ်းဖြစ်သဖြင့် ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့မည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် သပြုကျေးရွာ ဓမ္မာရုံ၌ ကျေးရွာအုပ်စုရှိ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေနံချောင်းမြို့ အမှတ်(၁)အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်းသော ရွှေပါရမီ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ–ဒေါ်ခင်ညွန့်မြိုင် မိသားစုက ငွေကျပ်တစ်သိန်းကို ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဗဟန်းမြို့နယ်ရွှေဂုံတိုင်လမ်းနှင့်ကမ္ဘာအေးလမ်းထောင့် စူပါပါဝါ အီလက်ထရွန်နစ် ကုမ္ပဏီ (အဘိုး ဦးဟုတ်လွန်၊ ဖခင် ဦးရွှေပွန်ထွေး၊ ဒေါ်ဝင်းဝင်း)တို့အား ရည်စူး၍ သား ဦးအောင်သန်းမြင့်၊ သမီး ဒေါ်စန်းစန်းမြင့်၊ ဦးဇော်နိုင် မိသားစုက ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အခြေခံ ဆံပင်၊ မိတ်ကပ် အလှုပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှုပြုပြင်ရေးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံ ဆံပင်၊ မိတ်ကပ် အလှုပြင်သင်တန်းကို မတ် ၄ ရက်မှစတင်၍ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၄၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း–၂၅၂၅၈၉ အောင်ဆန်းအားကစား

ဘုန်းတိုး တန်းတင် ဓာတ်တော်စေတီတော် သာသနိကအဆောက်အအုံများ တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဓာတ်တော်ကွန့်မြူးလေ့ရှိသော ဘုန်းတိုးတန်းတင်ဓာတ်တော် စေတီတော် ပရဝဏ်အတွင်း ငွေစေတီ တည်ထားခြင်း၊ မုခ်ဦးတည်ဆောက်ခြင်း၊ ဓမ္မာရုံကြီးတည်ဆောက်ခြင်း၊ ရေစင်နှင့် ရေချမ်းစင်တည်ဆောက်ခြင်း၊ ပဋ္ဌာန်းပွဲကျင်းပခြင်း၊ တရားစခန်းဖွင့်လှစ်ခြင်း၊ သင်္ကြန်ကာလ လေးရက်တိုင်တိုင် စတုဒိသာ ကျွေးမွေးခြင်း စသော သာသနာပြုလုပ်ငန်းများကို ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ် အောင်ရာမြေ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အမ်း–ချမ်းသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တဝရာလင်္ကာရ (သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်၍ စေတနာရှင်များ၏ ဒါနဝတ္ထု အစုစုတို့ဖြင့် ပြိုင်ဝင်း အနောက်ဘက်တန်းတွင်ရယူ၍ မတ် ၃ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

တည်ဆောက် ဆောင်ရွက်သာသနာပြုလျက်ရှိသည်။

ထိုသာသနာပြုလုပ်ငန်း၌ တစ်ဦးချင်းဖြစ်စေ၊ စေတနာအလျောက် ထည့်ဝင် လှူဒါန်းလိုလျှင်ဖြစ်စေ အောင်ရာမြေပရိယတ္တိစာသင်တိုက် ဖုန်း–၀၁–၅၇၃၃၄၇၊ ဦးမောင်ချမ်းနု(တပ်တောင်) ဖုန်း–၀၆၅–၂၁၄၇၁၊ ဦးမြင့်သန်း (တပ်တောင်)ဖုန်း–၀၆၅–၂၁၄၉၈ သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ် (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ်၌ တည်ထားကိုးကွယ်သော သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်၏ (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင် စနေထောင့်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ခရိုင်သာသနာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြင်ခိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ(ဆင်မင်း)ဦးတင်ရွှေတို့က ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပရိသတ်များနှင့်အတူ စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဖေဖော်ဝါရီ ၂၁ ရက် (တပို့တွဲလပြည့်နေ့)တွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း ပျော်ပွဲရွှင်ပွဲများဖြင့် ဖြေဖျော်တင်ဆက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဘုရားပွဲတော်ကျင်းပမည် စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်စမ်းကြီးဝရပ်ကွက်အတွင်းရှိဟိန္ဒူဗုဒ္ဓဘာသာဘုရားပွဲ (၆၂)ကြိမ်မြောက် စရီမူနီ(စ်)ဝရ(ရ်)ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းမှ ညနေပိုင်းအထိ ကြွရောက်လာသည့် ဧည့်ပရိသတ်များအား သက်သတ်လွတ် ဟင်းလျာဖြင့် ဧည့်ခံကျွေးမွေး လှူဒါန်းမည်ဖြစ်ပါ၍ ရပ်နီး၊ ရပ်ဝေးမှ စေတနာရှင် အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ဘုရားကျောင်းသို့ ကြွရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

သုဝဏ္ဏ ၂၉ ရပ်ကွက် မင်းဒင်လမ်းနေ ဦးခင်ဦးနှင့်မောင်နှမတစ်စုက ကွယ်လွန်သူဒေါ်ခင်သန်း(အောင်ပန်း)အားရည်စူး၍မင်းဒင်လမ်းတွင် တည်ဆောက်လျက်ရှိသော ပုညကာရီဓမ္မာရုံတနင်္လာပတ်သံဃဒါနဆွမ်းလောင်းအသင်းအတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ နာယက ဦးလှကျော်နှင့် အတွင်းရေးမှူး ဦးမြင့်ဇော်တို့ လက်ခံရယူစဉ်။ (က–ပ)

သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်မှန်းဆပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ စံလွန်တော်မူသည့် (၁၃)ကြိမ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲကြီးကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မသာလသပြေဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန၊ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ သာသနာ့ပါလကအဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေကျင်နိကာယရတည္ဍု မဟာနာယက သပြေကုန်းဆရာတော် ဘဒ္ဒန္တဝါသုဒေဝက ငါးပါးသီလချီးမြှင့်ပြီး ဦးသက်စိန်(ဖြူး)က ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်လွှာကို လျှောက်ထားဖတ်ကြားသည်။ ယင်းနောက် သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှက ပူဇော်ပွဲကျင်းပရခြင်းကို လျှောက်ထားပြီး သုံးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ထို့နောက် သပြေကုန်းဆရာတော်က ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က–ပ)

❁ ရှေ့ဖုံးမှ

ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ILBC မှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ဓာတ်ခွဲခန်းပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ သိပ္ပံလက်တွေ့ခန်းသုံး ဓာတ်ခွဲခန်း ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးများဖြစ်ကြသည့် ဦးတင်ရွှေနှင့် ဒေါ်ရွက်အိသန်နန်းစောနန်းတို့က လက်ခံရယူကြကာ တွဲဖက်ပြည်နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၌ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော အသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ ကင်းတားရေလှောင်တမံမှ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကင်းတားရေလွှဲဆည်သို့ ရောက်ရှိပြီး လက်ဝဲမြောင်းအတွင်း နုန်းများတူးဖော်နေမှုအခြေအနေများကိုလည်းကောင်း၊ စမုံရေငုပ်ပြွန်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးတိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဒိုင်ကောင်းကုန်းရေတင်စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇော်က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် လျှပ်စစ်ရေတင်လုပ်ငန်း ဆောင်ရွက်မည့် (ပီအက်စ်–၂)နေရာ၌ ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လျှပ်စစ်ရေတင်စီမံကိန်းသည် ကင်းတားရေလွှဲဆည်မှ ရေကိုစုပ်တင်၍ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဒိုင်ကောင်းကုန်းစိုက်ပျိုးဧက ၅၀၀၀ နှင့် ၂၀၀၉–၂၀၁၀ တွင် ကျန်စိုက်ပျိုးဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၂–၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	**“လူကြီးနဲ့လူအို”**တရားတော် (ဆရာတော်ဦးသုဇာတ)
၇း၅၅–၁း၅၅	ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(မဟာကမ္မဋ္ဌာနာစရိယ)၏ သာသနာ့မှတ်တိုင်
၈း၁၅–၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀–၂း၂၀	Myanmar Video Rhythm
၈း၄၀–၂း၄၀	အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း
၉း၀၅–၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅–၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀–၃း၂၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၃၀–၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅–၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	မင်းလှရေလှောင်တမံ
၉း၄၅–၃း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀–၃း၅၀	ART VISION (လှတင်ထွန်း တစ်ကိုယ်တော်ပန်းချီပြပွဲ)
၁၀း၁၀–၄း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀–၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅–၄း၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၅၅–၄း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ Maekhlar’s Years (25th) Red Melody
၁၁း၄၀–၅း၄၀	များလူဝေနေကုသိုလ်ယူ ပန်းတဥ်းတန်းရဲ့ရွှေစင်အလှူ
၁၂း၀၀–၆း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၂၀–၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅–၆း၂၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ (အကြင်နာလက်ဆောင်ရတနာ)
၁၂း၃၅–၆း၃၅	VJ Choice
၁၂း၅၅–၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာမှ ကြည်နူးဖွယ် ရှင်ပြုပွဲနှင့်စာကြည့်တိုက်ဖွင့်ပွဲ

သတင်းဆောင်းပါး – မျိုးဇော်ခိုင်

ဆရာတော်နှင့် သံဃာတော်များအား ပရဟိတဓမ္မမိတ်ဆွေတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ တောရစာသင်တိုက်တွင် ကျင်းပသည့် ရှင်သာမဏေပြုပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲနှင့် အကျွတ်အလွတ်အလှူဒါနလှူဒါန်းပွဲသို့ မိမိနှင့်အတူ ပရဟိတဓမ္မမိတ်ဆွေများ ဖေဖော်ဝါရီလ ၁ ရက်နေ့က သွားရောက်ခဲ့ကြသည်။ အဆိုပါကျောင်းတိုက်သည် ကျိုက်ထို–တောင်စွန်း ကားလမ်းပေါ်တွင် တည်ရှိပြီး သမိုင်းဝင်နာမည်ကျော် ကေလာသတောင်ခြေနှင့် ငါးမိုင်ခန့် ကွာဝေးပါသည်။ လမ်းတစ်လျှောက် သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများ၊ ညို့မှိုင်းအုပ်ဆိုင်းသော ရွာစဉ်ရွာတန်းများ၊ ဂဝံမြို့ပြလက်ရာ အကြွင်းအကျန် အုတ်သားများနှင့် ရှုမငြီးဖွယ် တောင်စဉ်တောင်တန်း အလှများကို မျက်စိပသာဒဖြစ်စရာ မြင်တွေ့ရ၏။

ကျောင်းတိုက်ကို မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏ (သက်တော် ၇၂ နှစ်၊ ဝါတော် ၅၂ ဝါ)မှ နာယကအဖြစ် စီမံအုပ်ချုပ်နေပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုးဝ်၊ ပလောင်၊ လီဆူး စသော တောင်ပေါ်ဒေသ ကလေးငယ်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆင်းရဲနွမ်းပါး ကလေးငယ်များကို ပြုစုစောင့်ရှောက်ကျွေးမွေးကာ ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းတိုက်တွင် ကလေးငယ်ပေါင်း ၂၀၀ နီးပါးခန့် စာပေသင်ကြားနေသည်ကို တွေ့ရပြီး ကိုရင်ငယ်များနှင့် ရဟန်းအပါး ၂၀ ကျော်ကိုလည်း ဖူးတွေ့ရပါသည်။

“ယခင်ကတော့ ကိုရင်ရဟန်းတွေသာ စာသင်ပေးတဲ့ စာသင်တိုက်ပေါ့၊ နောက်ပိုင်းမှာ စာသင်ဖို့ အခက်အခဲဖြစ်နေတဲ့ ကျေးလက်နေကလေးငယ်တွေ၊ ဝေးလံခေါင်သီတဲ့ နေရာကလာပြီး စာသင်ရတဲ့ မိဘမဲ့ကလေးငယ်တွေအတွက် စာသင်ကျောင်းဖွင့်ပေးဖို့ ဘုန်းဘုန်းစဉ်းစားခဲ့တယ်။ ဒီလိုနဲ့ ၁၉၉၆ ခုနှစ်မှာ ပရဟိတ လူငယ်ဖွံ့ဖြိုးရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး အဲဒီနှစ်မှာပဲ ကျောင်းသားတွေကို ကျောင်းအိပ်ကျောင်းစား လက်ခံပြီး စာပေသင်ကြားပေးနိုင်ခဲ့တယ်”ဟု ဆရာတော်ကြီးက မိန့်ကြားပါသည်။

ကျောင်းတိုက်အတွင်း ဆောက်လက်စအဆောက်အအုံများ၊ စာသင်ဆောင်တဲများ၊ ကလေးငယ်တို့ အိပ်ဆောင်များနှင့် ဒူးရင်းပင်၊ နာနတ်ပင်၊ ပိန္နဲပင်၊ တညင်းပင်၊ သံပရာပင်၊ ကြက်မောက်ပင် စသော သီးပင်စားပင်များလည်း စိုက်ပျိုးထားသည်ကို တွေ့ရ၏။ နောက်တစ်နေ့တွင် ပြုလုပ်မည့် လှူဒါန်းပွဲများအတွက် အခမ်းအနားပြင်ဆင်နေသူများ၊ ချက်ပြုတ်ကြော်လှော်နေသူများ၊ ကြိုတင်ရောက်နေကြသူ ရပ်နီးရပ်ဝေးမှ အလှူရှင်များဖြင့် ကျောင်းတိုက်အတွင်း ပျားပန်းခတ်မျှ စည်ကားနေပါသည်။

“ဒီကျောင်းမှာ စာကြည့်တိုက်ဖွင့်ဖို့ ကျွန်တော်တို့သူငယ်ချင်းတွေ တိုင်ပင်ထားတာ ကြာပြီ။ စာအုပ်တွေ စုဆောင်းအလှူခံရတဲ့အချိန်က ငါးလကျော်ကြာခဲ့တယ်။ ခုဒီစာကြည့်တိုက်ကို ဂျာနယ်ပေါင်း ၂၅၀၀ ကျော်၊ မဂ္ဂဇင်းစာအုပ်ပေါင်း ၈၀၀ ကျော်၊ ပညာရေးဆိုင်ရာ၊ သုတအကျိုးပြုဆိုင်ရာ စာအုပ်များ၊ ကွန်ပျူတာဘာသာရပ်၊ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ ဓမ္မရေးရာစာအုပ်များနှင့် ကလေးဖတ်စရာ ပုံပြင်၊ ကာတွန်းစာအုပ်များ အပါအဝင် စာအုပ် ၇၀၀ ကျော်နဲ့ ဖွင့်လှစ်သွားမှာပါ။ ဒါက ပထမအဆင့်ပေါ့၊ ကလေးတွေအတွက် အဓိကရည်ရွယ်ပြီး ဖွင့်လိုက်တာ။ နောက်တစ်ဆင့်ကျတော့ ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသားလူငယ်တွေ အားကိုးအားထားပြုလောက်တဲ့ စာကြည့်တိုက်တစ်ခုဖြစ်လာအောင် ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။ ခုလို ဖွင့်နိုင်အောင် လှူဒါန်းခဲ့ကြတဲ့ အလှူရှင်အားလုံးကိုလဲ အရမ်းကို ကျေးဇူးတင်ပါတယ်”ဟု စာကြည့်တိုက်ဖွင့်ရာ၌ ပါဝင်သူ ကိုဇာနည်က ပြောပြပါသည်။

ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ တောရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘဏနှင့်အတူ ပရဟိတဓမ္မမိတ်ဆွေများအား တွေ့ရစဉ်။

ဖေဖော်ဝါရီလ ၂ရက်နေ့(စနေနေ့) နံနက်ပိုင်းတွင် ကျောင်းရှိ မိဘမဲ့ကလေးငယ် ၁၁ ဦးကို ရှင်ပြုပွဲမင်္ဂလာအခမ်းအနား ကျင်းပပြီး ဆက်လက်၍ မွန်းလွဲပိုင်းတွင် **‘မဟာလူသား’**စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ရာ ဆရာတော်ကြီးက**‘မဟာလူသား’** အမည်ပေးခဲ့ရပုံကို အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားခဲ့ပါသည်–

“လူသားဘဝ ရလာတယ်ဆိုတာ အကြောင်းမဲ့ ဖြစ်ပေါ်လာရတာမျိုးလဲ မဟုတ်ဘူး၊ အတိတ်ကကောင်းသောကံကြောင့်သာ လူ့အဖြစ်ကို ရလာကြတာ၊ အလွန်ခက်ခဲတဲ့ ကိစ္စတစ်ခု၊ ရခဲတဲ့ဘဝတစ်ခုပါပဲ။ ဒီရခဲတဲ့ လူ့ဘဝကို အသိတရားမဲ့စွာ၊ ဆင်ခြင်ဉာဏ်မဲ့စွာ ဖြုတ်သန်းကုန်ဆုံးခဲ့မယ်ဆိုရင် တန်ဖိုးရှိပါ့မလား။ ဒါကြောင့် လူ့ဘဝမှာ အသိတရားသာလျှင် အရေးကြီးဆုံးဖြစ်တယ်။ ဘယ်လို အမျိုးဆက်တွေပဲဖြစ်ဖြစ်၊ ဘယ်လို အသားအရောင်တွေနဲ့ပဲ လူဖြစ်လာပါစေ၊ သူ့မှာအသိတရားမရှိလို့ကတော့ အလကားပါပဲ။ အသိတရားသာလျှင် ငြိမ်းချမ်းမှုနဲ့ ဉာဏ်ပညာကိုဖြစ်ပေါ်စေလိမ့်မယ်။ ဒီတော့ အသိတရားရှိတဲ့လူဟာ လူတော့လူပဲ ဒါပေမယ့် ရိုးရိုးလူသားတော့ မဟုတ်ဘူး ‘မဟာလူသား’။ အဲဒီအသိ၊ အဲဒီအတွေးကို ကလေးငယ်တွေ ရစေဖို့ရယ်၊ စာကြည့်တိုက်က တစ်ဆင့် အသိတရားနဲ့ ပညာကို ချစ်တတ်လာအောင်ရယ် ရည်ရွယ်ပြီး ဒီစာကြည့်တိုက်ကို ‘မဟာလူသား’ လို့ အမည်ပေး ဖွင့်လှစ်ရတာပါ”။

ဆက်လက်၍ ကျေးရွာ အလကကျောင်းအုပ်ကြီးနှင့် ကျေးရွာဥက္ကဋ္ဌ၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ ဆရာတော်ကြီးက စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် အလံပေးအပ်ပြီး ကျေးရွာ ရပ်မိရပ်ဖများက ဝမ်းသာဂုဏ်ပြုစကား ပြန်လည်ပြောကြားကာ စာကြည့်တိုက် ဖွင့်ပွဲကို ရုပ်သိမ်းလိုက်ပါသည်။

ဖွင့်ပွဲအပြီး ကလေးငယ်များအား အမှတ်တရလက်ဆောင်အဖြစ် အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ကျောပိုးအိတ်၊ ခြင်ထောင်များနှင့် စားစရာများကို ပေးဝေခဲ့ကြသည်။ ထိုနေ့က လူကြီး၊ လူငယ်အားလုံးပျော်ခဲ့ကြ၏။ ညပိုင်းတွင် အပါယ်လေးဘုံမှ ဝေမာနိက ပုဂ္ဂိုလ်များအား ရည်စူး၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်ခြင်း၊ တရားအလှူ နာယူခြင်း၊ မေတ္တာသုတ်ရွတ်ဖတ်၍ ဆုတောင်းမေတ္တာပို့သခြင်း၊ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အမျှပေးဝေခြင်းနှင့် အကျွေးအမွေးများ ပြုလုပ်ကာ အကျွတ်အလွတ် ဒါနအဖြစ် လှူဒါန်းခဲ့ကြပါသည်။

ပြန်ခါနီးတွင် ဆရာတော်ကြီးက မိန့်ကြားသည်မှာ ‘ဒီဒေသမှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနဲ့ အညီ ၂၀၀၈ ခုနှစ် မတ်လ ၂၂ ရက်နေ့နှင့် ၂၇ ရက်နေ့တို့မှာ ရဟန်းလောင်း ၁၈ပါး၊ သာမဏေ ၁၀၈ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၄ ပါးကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲ ကျင်းပမယ်၊ အဲဒါ မင်းတို့ ပြန်လာခဲ့ကြဦး’ဟု မိန့်ပါသည်။

အဆိုပါ သာသနာပြုပွဲကြီး၏ ရည်ရွယ်ချက်မှာ–

“မြန်မာ့ရိုးရာယဉ်ကျေးမှု ရှင်ပြုမင်္ဂလာဓလေ့များ ထွန်းကားပြန့်ပွားရေး၊ ဆင်းရဲနွမ်းပါးသူမိဘများ အနေဖြင့် မိမိတို့၏ ရင်သွေးများအား မောင်ရင်လောင်း အဆင်တန်ဆာတို့နှင့် မြင်းစီးကာ ရွှေထီးဆောင်းရသောမြင်ကွင်းကို ကျေနပ်ကြည်နူးစွာ မြင်တွေ့နိုင်ရေး၊ ဗုဒ္ဓ၏ အဆုံးအမတို့၌ ပိုမိုသက်ဝင်ယုံကြည်လာစေရေး”စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဟု သိရပါသည်။

အဆိုပါ အလှူပွဲကြီးကို ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဇမ္ဗူဥဿျောင် တိလောကမာန်အောင် မဟာမုနိဘုရား၊ ဗုဒ္ဓဝံသရက္ခိတအသင်းကြီးမှ လိုအပ်သော ကုန်ကျမှု၊ ပစ္စည်းအစုစုကို မတည်လှူဒါန်း၍လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ပေါ်လွင်စွာဖြင့် ခမ်းခမ်းနားနား သေသပ်ကျနစွာ ကျင်းပနိုင်စေရန် အနီးကပ်စီစဉ်ညွှန်ကြား၍ လည်းကောင်း၊ အလှူပွဲ ကျင်းပရာ ညများတွင် ကလေးငယ်များအတွက် အထူးတရားပွဲများ စီစဉ်ကျင်းပ၍လည်းကောင်း ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

သို့ပါ၍ လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ဦးသောင်းရွှေ(ဥက္ကဋ္ဌ–ဗုဒ္ဓဝံသရက္ခိတအသင်း) ဖုန်း–၀၉၅၁၀၅၇၃၇၊ ဦးညီထွေးအောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၉၅၀၂၂၃၇၁၊ ဦးမောင်မောင်အေး(အတွင်းရေးမှူး) ဖုန်း–၀၉၅၁၂၄၆၅၀၊ ကိုဇာနည် ဖုန်း–၀၉၅၁၉၉၃၁၂ နှင့် ကိုနေလင်းထွန်း ဖုန်း–၀၉၅၁၃၄၉၄၅ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်း တင်ပြရပါသည်။ ။

ခရမ်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသို့ ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၂)ရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၄၀၆)တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်က (၂၈)ကြိမ်မြောက် ရက်သတ္တပတ် တရားစခန်းဖွင့်လှစ်ရာ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း (၄)လမ်းနေ ခြောက်သုံးလုံး ဒန်သတ္တုလုပ်ငန်းပိုင်ရှင် (သုဓမ္မမဏိဇောတဓရ) ဦးချစ်မောင်-ဒေါ်ခင်သန်းဌေး မိသားစုတို့က ဆွမ်းဒါန လှူဒါန်းခြင်း၊ ဓမ္မာရုံခြင်လုံသံဆန်ကာများ တပ်ဆင်ခြင်း၊ ရေစင်ရေပိုက် တပ်ဆင်လှူဒါန်းခြင်း၊ တရားထိုင် ကော်ဇောများ လှူဒါန်းခြင်းအတွက် စုစုပေါင်း ကုန်ကျငွေ ၁၇၇၇၇၂၇ ကျပ်ကို မိုးကုတ်ဝိပဿနာရိပ်သာ အကျိုးဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

တရားပတ်များအတွင်း ဓမ္မရိပ်သာတွင် လိုအပ်လျက်ရှိသော ဆွမ်း၊ ဆေး၊ အချိုပွဲများ အာဟာရဒါနပြုလိုသူများ၊ အဆောက်အအုံနှင့် အခြားဒါန အထွေထွေပစ္စည်း ဒါနပြုလိုသူများသည် ဖုန်း-၀၁-၃၉၀၄၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၈နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပရခြင်း အကြောင်းကို လျှောက်ထားတင်ပြသည်။ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒ ပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖြိုဖြို ရွတ်ဆိုပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဩဝါဒါစရိယ ဆရာတော် ဦးကဝိဓဇ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ) အရှင်မြတ်က ဩဝါဒ ပါတိမောက် တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ရန်ကုန်မြို့ ရွှေဘိုမင်းသမီး သနပ်ခါး လုပ်ငန်းပိုင်ရှင် ဦးတင်မောင် (ဒေါ်မြကြည်) မိသားစုက ယောဂီကုန်၊ သံဃာကုန် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ဒေါက်တာတင်မြင့်ခိုင်က အလှူရှင်စာရင်း ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ ကုသိုလ်များကို ရေစက်ချ အမျှအတန်း ပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၄)ချက်ပြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကံမြင့်ကျောင်းတိုက် သီတဂူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် သီတဂူဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် သီတဂူအရှင်ကုမုဒါလင်္ကာရ (သာသနဓဇဓမ္မာစရိယ) သီတဂူကမ္ဘာ့တက္ကသိုလ်၊ ၂၅ ရက်တွင် သီတဂူ အရှင်တေဇိန္ဒ (သာသနဓဇ ဓမ္မာစရိယ) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၆ ရက်တွင် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရိ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ရွှေပြည်ဟိန်းကျောင်း၊ ၂၇ရက်တွင် သီတဂူ အရှင်သုမန (သာသနဓဇဓမ္မာစရိယ) သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်၊ ၂၈ ရက်တွင် သီတဂူဒေါက်တာ အရှင်ဝေဠုရိယ ဉာဏလင်္ကာရ၊ ပါမောက္ခ၊ မော်ကွန်းထိန်း လက်ထောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၉ ရက်တွင် သီတဂူ ဒေါက်တာ အရှင်ဣန္ဒက (သာသနဓဇဓမ္မာစရိယ) ပါမောက္ခ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အဘိဓမ္မာမဟာသိပ္ပံ(ရန်ကုန်)၊ မတ် ၁ ရက်တွင် သီတဂူ ဒေါက်တာ ကိတ္တိဗလ၊ ပါမောက္ခ၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မတ် ၂ ရက်တွင် သီတဂူအဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အရှင်သူမြတ်တို့က ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်၍ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။

(က-ပ)

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက် ပထမအကျော့ပွဲ မန်ယူအသင်း ပွဲပြီးခါနီးကျမှ အသက်ရှူချောင် လီဗာပူး၊ ဘာစီလိုနာ၊ ရိုးမား၊ ချော်ကေး၊ ဖီနာဘာချီအနိုင်ရ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ပွဲများကို ဖေဖော်ဝါရီ ၂၀ နှင့် ၂၁ ရက်တို့က ကျင်းပခဲ့သည်။ လီဗာပူးမြို့၌ ပြုလုပ်သောပွဲ၌ လီဗာပူးက အီတလီမှ အင်တာမီလန်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသွားသည်။ ဂရိနိုင်ငံ အေသင်မြို့၌ ယှဉ်ပြိုင်ကစားသည့် အိမ်ရှင် အိုလံပီယာကော့စ်နှင့် အင်္ဂလန်မှ ချယ်လ်ဆီးတို့၏ ပွဲမှာလည်း ဂိုးမရှိသရေဖြင့် ပွဲသိမ်းခဲ့သည်။ အိုလံပီယာကော့စ်အသင်းသည် ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်ရောက် နိုင်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံ ရောမမြို့တွင် ပြုလုပ်သည့် ပွဲတွင် အိမ်ရှင်ရိုးမားအသင်းက စပိန်မှ ရီးယဲလ်မဒရစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ရီးယဲလ်မဒရစ်အသင်းခေါင်းဆောင် ရာအူးလ် ဦးဆောင်ဂိုးစတင် သွင်းယူခဲ့သော်လည်း ရိုးမားက နှစ်ဂိုးပြန်သွင်းကာ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ချော်ကေးနှင့်ပေါ်တိုတို့ပွဲတွင် ချော်ကေး ပေါ်တိုကို တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရသွားသည်။ ဖေဖော်ဝါရီ ၂၁ ရက်က ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့၌ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အင်္ဂလန်မှ မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် အိမ်ရှင် လိုင်ယွန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

အိမ်ရှင် လိုင်ယွန်အသင်းသည် ပွဲပြီးခါနီး လေးမိနစ်အထိ ခါရင်ဘန်စီမာ သွင်းသော အနိုင်တစ်ဂိုးဖြင့် ဦးဆောင်ယှဉ်ပြိုင်ခဲ့သော်လည်း ၈၇ မိနစ်တွင် မန်ယူမှ တီးဗက်စ် အနီးကပ် သွင်းယူလိုက်သော ဂိုးဖြင့် သရေပွဲ ဖြစ်သွားရသည်။ လိုင်ယွန်အသင်း အိမ်ကွင်းတွင် ဂိုးပေးလိုက်ရသဖြင့် သရေကျသော်လည်း တစ်ပန်းရှုံးသည်ဟု ဆိုရမည် ဖြစ်သည်။

လန်ဒန်မြို့ အာဆင်နယ်၏ အမ်းမရိတ်ကွင်းကြီး၌ ကျင်းပသည့် အိမ်ရှင် အာဆင်နယ်နှင့် ဧည့်သည် အီတလီမှ အေစီမီလန်တို့ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ဂိုးမရှိသရေကျသွားသည်။

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက် ပထမအကျော့အဖြစ် ဘာစီလိုနာနှင့် ဆဲလ်တစ်တို့ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘာစီလိုနာအတွက် မက်ဆီကနှစ်ဂိုးနှင့် သီယာရီအွန်နရီက တစ်ဂိုးသွင်းခဲ့သည်။

တူရကီချန်ပီယံ ဖီနာဘာချီနှင့် စပိန်မှ ဆီဗီလာအသင်းတို့ အစ္စတန်ဘူလ်မြို့၌ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဖီနာဘာချီအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

"ဒီပွဲဟာ ကစားရခက်မယ်ဆိုတာ ကျွန်တော်တို့ မျှော်လင့်ပြီးသားပါ။ ကျွန်တော်တို့ကို ကစားရခက်အောင် တုံ့ပြန်ကစားသွားတဲ့ တစ်ဖက်အသင်းကို ချီးကျူးဂုဏ်ပြုပါတယ်"ဟူ၍ ဖီနာဘာချီအသင်း၏ ဘရာဇီးနည်းပြဆရာ ဇီကိုက ပြောကြားသွားသည်။

"ယှဉ်ပြိုင်ကစားသွားတဲ့ နှစ်သင်းစလုံးရဲ့ ခြေဟာ များများစားစား ကွာခြားမှုမရှိပါဘူး၊ ၈၇ မိနစ်မှာ အရှုံးဂိုးပေးလိုက်ရပြီး ချေပနိုင်အောင် လိုက်ကစားပေမယ့် မရတော့ဘူး၊ ရှုံးသွားခဲ့ရတယ်။ ဖီနာဘာချီအသင်းဟာ အတွေ့အကြုံရှိတဲ့ အသင်းဖြစ်လို့ လေးစားဖို့ ကောင်းပါတယ်"ဟူ၍ ဆီဗီလာအသင်းနည်းပြ မာနိုလိုဂျီမီနက်စ်က ပြောကြားသွားသည်။

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၅ ရက်၊ ၆ ရက်နှင့် ၁၂ ရက်တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

မတ် ၅ ရက်တွင် ဘာစီလိုနာနှင့် ဆဲလ်တစ်၊ ဆီဗီလာနှင့် ဖီနာဘာချီ၊ အေစီမီလန်နှင့် အာဆင်နယ်၊ မန်ချက်စတာ ယူနိုက်တက်နှင့် လိုင်ယွန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မတ် ၆ ရက်တွင် ပေါ်တိုနှင့် ချော်ကေး၊ ရီးယဲလ်မဒရစ်နှင့် ရိုးမား၊ ချယ်လ်ဆီးနှင့် အိုလံပီယာကော့စ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အင်တာမီလန်နှင့် လီဗာပူးတို့၏ ဒုတိယအကျော့ပွဲကို မတ် ၁၂ ရက်၌ ကျင်းပမည်ဖြစ်သည်။

သတင်းဆောင်းပါး
ဇာနည်ဦး

The LIVE NEWS ဂျာနယ် အမှတ်(၇၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်း သတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၇၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံကူးလက်မှတ်လိမ်လည် လျှောက်ထားသူ ထိုင်းနိုင်ငံသားတစ်ဦးအား အမှုဖွင့် စစ်ဆေးနေ၊ TAXI၊ လိုင်းကား၊ ကိုယ်ပိုင်မော်တော်ယာဉ်ပိုင်ရှင်များ ငွေလိုအပ်ပါက ဘဏ်၌ ချေးငွေထုတ်ယူနိုင်၊ မြန်မာ-တောင်ကိုရီးယား သုတေသနစင်တာ တည်ဆောက်ကာ နည်းပညာပူးပေါင်းဆောင်ရွက်မည်၊ ဆူနာမီသတိပေးသည့် စက်ရုံတစ်ရုံနှင့် ငလျင်တိုင်းတာရေးစက်ရုံ ၁၀ ခု တည်ဆောက်မည်၊ ညစာစားပွဲနှင့် အင်္ဂလိပ်စာ၊ ချာချီ/ကုက္ကိုင်းမှသည် ကမ္ဘာ့အေးဘုရားလမ်းဖြစ်တည်၊ တောင်ကြီးမြို့က ကဗျာစာဆိုများ၊ ဒီမိုးဒီလေဒီလူတွေနဲ့ ပါကစ္စတန်ရွေးကောက်ပွဲ၊ အိုဘားမားနှင့် ကနေဒီ၊ ပါကစ္စတန် သံအမတ်ပျောက်ဆုံးမှုကြီး၊ ဂျော့ဘုရှ်ရဲ့ စံချိန်တွင် လိုငွေဘတ်ဂျက်၊ ဂျော်ဂျီယာအတိုက်အခံသမ္မတလောင်း လန်ဒန်မြို့၌ ရုတ်တရက်သေဆုံး၊ တက္ကဆီမင်းနှင့် ဟဲဗီးဒင်နာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သျှီ(အင်ကြင်း)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ်နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် ရေလယ်ထွေ(မ)-ထရံကာ လမ်းပေါ်ရှိ တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတ သန္တိပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၅:၀၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၂၀ ၆။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)**
- ၅:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၄၅ ၈။ အာဆီယံလက်မှုအနုပညာ ပစ္စည်းပြပွဲနှင့် ၂၀၀၇ ခုနှစ် အာဆီယံလူငယ်တံဆိပ်ခေါင်းပြိုင်ပွဲ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၁)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ကောင်းကင်နှင့် ဂြိုဟ်တုဓာတ်ပုံများ၊ မြေပုံများအသုံးပြု၍ နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍများတွင် အကျိုးပြုနိုင်

တွေ့ဆုံမေးမြန်းသူ- အောင်သူရ

မြန်မာနိုင်ငံ၌ ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကဏ္ဍအသီးသီးတွင် ကွန်ပျူတာနှင့် ICT နည်းပညာများ အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် ၁၉၉၈ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းသည် Myanmar Credent Technology နှင့် ပူးပေါင်း၍ ပထဝီဝင် သတင်းအချက်အလက်စနစ်(သို့) သတင်းအချက်အလက် မြေပုံစနစ် (GIS Certificate Course)နှင့် ကောင်းကင်ဓာတ်ပုံနှင့် ဂြိုဟ်တုဓာတ်ပုံများအသုံးချမှုစနစ် (Remote Sensing Certificate Course) သင်တန်းတို့ကို နေပြည်တော်ရှိ အင်ကြင်းခိုင် Cyber Business Center နှင့် ရန်ကုန်မြို့ လှိုင်မြို့နယ် Info-Tech ရှိ e-Learning Center တို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ မေ ၆ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ပို့ချမည် ဖြစ်သည်။

ဖော်ပြပါ သင်တန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူးနှင့် Myanmar Credent Technology ၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးဇော်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ Myanmar Credent Technology ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းပြရာတွင် ပထဝီဝင် သတင်းအချက်အလက် နည်းပညာများ၊ ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေပုံများ၊ အင်ဂျင်နီယာဒီဇိုင်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး နည်းစနစ်များကို ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ကြောင်း ပြောကြားပါသည်။

ယခုဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် သဘာဝသယံဇာတများ ရှာဖွေဖော်ထုတ် တူးဖော်ရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေး၊ စည်ပင်သာယာရေး၊ ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်များ ရှာဖွေဖော်ထုတ်ရေးအစရှိသည့် ကဏ္ဍအသီးသီးတို့တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူးနှင့် Myanmar Credent Technology ၏ အထွေထွေမန်နေဂျာ ဦးဇော်နိုင်။

သင်တန်းတက်ရောက်သူများသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးမှ တာဝန်ထမ်းဆောင်နေသည့် ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ဘာသာရပ်(ဘူမိဗေဒ၊ ပထဝီဝင်၊ ရှေးဟောင်းသုတေသန)ဆိုင်ရာ ဆက်နွှယ်နေသူများ၊ ကွန်ပျူတာသိပ္ပံဘာသာရပ် လေ့လာသင်ကြားသည့် ကျောင်းသူ၊ ကျောင်းသားများဖြစ်ပြီး သင်တန်းတွင် အခြေခံ၊ စာတွေ့၊ လက်တွေ့အသုံးချမှုတို့ကို ပေါင်းစပ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် – GIS ဆော့ဖ်ဝဲလ် Geo Media Professional



ကမ္ဘာ့မြေမျက်နှာသွင်ပြင် အနေအထားနှင့် သီးနှံများ၊ သစ်တောများ၏ ဓာတ်ပုံများကို ရိုက်ကူးနေသော Remote Sensing ဂြိုဟ်တု။

- Remote Sensing ဆော့ဖ်ဝဲများ– ENVI, DIME
- GPS များ
- ဂြိုဟ်တုဓာတ်ပုံ အမျိုးမျိုး (Land Sat, IRS, Quick Bird
- Radar(ဂြိုဟ်တုဓာတ်ပုံများ)တို့ကို

အသုံးပြု၍ သင်ကြားမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့်ကွန်ပျူတာများအသုံးပြု၍ သင်တန်းသားတစ်ဦးလျှင် စက်တစ်လုံးစီဖြင့် သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက် အောင်မြင်ပြီးပါက အသိအမှတ်ပြု အောင်လက်မှတ် ထုတ်ပေးမည်ဖြစ်သည်။

လုပ်ငန်းနယ်ပယ်တစ်ခုချင်းစီအလိုက် အဆင့်မြင့်မွမ်းမံသင်တန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သင်ကြားလျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနတွင် ဂြိုဟ်တုဓာတ်ပုံအသုံးပြု၍ သီးနှံအထွက်နှုန်း ခန့်မှန်းတွက်ချက်ခြင်းသင်တန်း၊ နယ်စပ်ဒေသနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတွင် ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံများ အသုံးပြု၍ လမ်းများဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ လမ်းဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာသင်တန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြစ်ရေတင်စီမံကိန်းအတွက် လိုအပ်သော အသေးစိတ် ကွန်တိုမြေပုံများ ရေးဆွဲထုတ်လုပ်နိုင်ရန်အတွက် ကောင်းကင်ဓာတ်ပုံများ အသုံးချခြင်းသင်တန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် မြစ်ကြောင်းများ ပြောင်းလဲမှုကို ဂြိုဟ်တုဓာတ်ပုံများ အသုံးပြု၍ လေ့လာခြင်းသင်တန်းတို့ကို Myanmar Credent Technology မှ ပို့ချခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အတွင်းရှိ သယံဇာတများ၊ မြေ၊ ရေ၊ ဓာတ်သတ္တု၊ မြစ်ချောင်းအင်းအိုင်များတို့ကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သဖြင့် ပထဝီဝင် သတင်းအချက်အလက်စနစ်နှင့် ကောင်းကင်နှင့်ဂြိုဟ်တုဓာတ်ပုံများ အသုံးချမှုစနစ်သင်တန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးကဏ္ဍများတွင် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

တပ်မတော်ကလေးများကျောင်း(ယခု အထက ၁၊ အထက ၅) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၅၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ အထက(၅) မြတ်ရတနာခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ဆရာ၊ ဆရာမကြီး ၆၀ တို့အား ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဦးကြည်ထွန်းနှင့် ဆရာမကြီး ဒေါ်ခင်ရီတို့က ဩဝါဒစကားပြောကြားကြသည်။

ဆက်လက်၍ အာစရိယပူဇော်ပွဲ ဥက္ကဋ္ဌ ဦးအောင်ရွှေက တပ်မတော်ကလေးများကျောင်း၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး**(အောက်ပုံ)** ပူဇော်ပွဲ အတွင်းရေးမှူး ဦးခင်မောင်ရင်က ကျောင်းအတွက် ငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဌေးသို့ ပေးအပ်လှူဒါန်းသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စားဦးစဏ်းအောင်၊ ဒေါက်တာဒေါ်စိန်လွင်၊ ဒေါ်ခင်မေမြင့်နှင့် ဦးအုံ့ကူတို့က ပီတိစကား ပြောကြားကြသည်။

(က-ပ)

ပုညာရာမဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း သာကေတမြို့ (၉) ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၇ ရက်အထိ ၁၀ ရက်စခန်း၊ မတ် ၆ ရက်မှ ၁၂ ရက် အထိ ရောဝတီတိုင်း ကျိုက်လတ်မြို့နယ် ဗန်းမော်ကျေးရွာ၌ ခုနစ်ရက်စခန်း၊ မတ် ၁၃ ရက်မှ ၂၂ ရက်အထိ ပဲခူးတိုင်း ကဝမြို့နယ် လက်ပံကုန်းကျေးရွာ၌ ၁၀ ရက်စခန်းပွဲနှင့် မတ် ၂၄ ရက်မှ ဧပြီ ၄ ရက်အထိ ရှမ်းပြည်နယ်ညောင်ရွှေမြို့ ရွှေကျောင်း ကျောင်းတိုက်၌ ၁၀ ရက် စခန်းများကို ပြည်တွင်း၊ ပြည်ပ သာသနာပြု ဘဒ္ဒန္တ ပုညာနန္ဒ (ဗဟုဇနဟိတဓရ၊ နည်းလှည့်ဓမ္မကထိက)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ကြောင်းနှင့် သာကေတစခန်းပွဲသို့ ဝင်ရောက်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၂၆ ရက် ညနေအရောက်လာရောက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

(က-ပ)

လှိုင်သာယာမြို့နယ် ကံလှကျေးရွာ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်ဦး ဆုရကျောင်းသားတစ်ဦးအား ထူးချွန်ဆုချီးမြှင့်စဉ်။ (၃၉၂)

ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက် သမိုင်းဝင်ပွဲရ စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ ကြွချီပူဇော်ပွဲ အစီအစဉ်များ

၁၃၆၉ ခု တပို့တွဲလပြည့်ကျော်-၄ရက် ၂၅-၂-၂၀၀၈ (တနင်္လာနေ့)	ဘုရင်နရပတိ ဘုန်းရှိမင်းမြတ်ဆည်းကပ်ကိုးကွယ် ပူဇော်တော်မူခဲ့သော သမိုင်းဝင်ပွဲရ **"စကားလှဘုရားကြီး"**ကို ဘုရင့်နောင်လမ်းနေ **ဦးသိန်းအောင် ညီမ ဒေါ်စစ်မေ**တို့ မိသားစုတို့မှ ညအချိန် မီးရောင်စုံများထွန်းညှိလျက် "ရာဇာဝင်းဒေဝါဝင်း" ဝင်းခင်းပြီး စည်ကားသိုက်မြိုက်စွာ မိမိနေအိမ် တိုက်တာမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ပါမည်။ **အရိုးကြည် မဏ္ဍပ်(၂)ည (၂)ရက်**
တပို့တွဲလပြည့်ကျော်-၅ရက် ၂၆-၂-၂၀၀၈ (အင်္ဂါနေ့)	မိမိတို့တိုက်တာမဏ္ဍပ်တွင် **စကားလှဘုရားကြီးအား** အသံမစဲပဋ္ဌာန်း ဓမ္မစကြာပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို တပ်ရင်း၊ တပ်ဖွဲ့အသီးသီးဝတ်ရွတ်အသင်းများ၊မြို့ပေါ်ဘုရားဝတ်ရွတ်အသင်းအဖွဲ့များမှ အလှည့်ကျ ရွတ်ဖတ်ပူဇော် ကုသိုလ်ပြုကြပါမည်။ ဝတ်ရွတ်ပူဇော်ပွဲအပြီးတွင် ဝတ်ရွတ်အသင်း အသီးသီးအား စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးကုသိုလ်ပြုပါမည်။
တပို့တွဲလပြည့်ကျော်-၆ရက် ၂၇-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)	နံနက် ၅ နာရီအချိန်တွင် **စကားလှဘုရားကြီး**နှင့် မိမိနေအိမ်တိုက်တာတွင် ကိုးကွယ်ထားသည့် ဘုရားများကို သံဃာတော်များ ကြွရောက်၍ **"အနေကဇာတင်"** ပူဇော်ကုသိုလ်ပြုပါမည်။ နေ့လယ် (၂)နာရီတွင် **"၂၈-ဆူဘုရားများ" "စကားလှဘုရားကြီး"**နှင့်အတူ ကလေးမြို့ နဂရာအတွင်း၌ လှဆန်းသာယာသည့် မြလမ်းတကာတို့တွင် ဘုရားဒါယကာအသီးသီးမှ လှည့်လည်ပူဇော်ပွဲများ ပြုလုပ်ကြပါမည်။
တပို့တွဲလပြည့်ကျော်-၇ရက် ၂၈-၂-၂၀၀၈ (ကြာသပတေးနေ့)	**စကားလှဘုရားကြီး**ကို အနီးကပ်ပူဇော်ကြည်ညိုနိုင်ရန် စကားလှဗိမာန်တော်ကြီးအပေါ်ထပ်တွင် အပူဇော်ခံပါမည်။ **သစ်သီးမျိုးစုံ၊ ပန်းပေါင်းစုံ၊ မုန့်မျိုးစုံ၊ ဆွမ်းခဲဖွယ်စားသောက်ဖွယ်ရာများ**ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်နိုင်ကြပါသည်။
တပို့တွဲလပြည့်ကျော်-၈ရက် ၂၉-၂-၂၀၀၈ (သောကြာနေ့)	ဘုရားပွဲတော်တွင် ပင့်ဖိတ်ကြွရောက်လာ ထေရ်သံဃာတော် (၁၅၀)ကျော်တို့မှ **စကားလှဘုရားကြီးအာ "အနေကဇာတင်"** ပူဇော်ကြ၍ **"မဟာတန္တုလဒါန"** ဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ ပင့်သံဃာများအား ဆွမ်းဒါယကာအသီးသီးမှ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပါမည်။
တပို့တွဲလပြည့်ကျော် (၅၊၆၊၇၊၈)ရက် နေ့များတွင် ပွဲ(၄)ည	၁။ နာမည်ကျော်ကြားလူကြိုက်များသော **"တက္ကသိုလ်ရဲထက်အောင်"** ဇာတ်သဘင်အဖွဲ့မှ (ရှေ့ပိုင်း၊ နောက်ပိုင်း) ကပြဖျော်ဖြေပါမည်။ ၂။ ဘုရားပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာမပျက် **"လှည်းယဉ်ကျေး"** ပြိုင်ပွဲ၊ **"နွားပြိုင်ပွဲများ"** ပါရှိပါသည်။
အထူးအစီအစဉ်	ဆွမ်းလောင်းပွဲနေ့ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် **"အငြိမ့်သဘင်"** ကပြ၍ မိမိတို့ လှူဒါန်းကံစမ်းထားကြသော ကံစမ်းမဲများ**(ဆိုင်ကယ်၊ တီဗွီ၊ ဒီဗွီဒီ နှင့် အခြားကက်ဆက်၊ ရေဒီယိုများ)** စသည်များကို ကံစမ်းမဲဖောက်၍ ပြန်လည်ကုသိုလ်ပြုပါမည်။

စကားလှဂေါပကအဖွဲ့

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၃၃)နေ
ဦးမောင်သာနို့(ပြည်နယ် သ/မ ဦးစီးမှူး-ငြိမ်း)-ဒေါ်မမြရွှေတို့၏ တစ်ဦးတည်းသောသား
မောင်ဇော်မိုးထွန်း(ခ)မောင်မောင်ဇော် B.E (Electrical Power)
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊
တိုက်အမှတ်(၂၆/ဘ)၊ အခန်း(၅)နေ
ဦးစံရွှေအောင်(Malteser International)-ဒေါ်မအေးညွန့်တို့၏ သမီး
ဒေါက်တာမြအေးငြိမ်း M.B.,B.S(Ygn)

တို့၏ ၁၅-၂-၂၀၀၈ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်၊ တရားမဌာန၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းအားလည်းကောင်း၊ ယင်းနေ့တွင် နေအိမ်၌ ကျင်းပသော ရခိုင်ရိုးရာ ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားကို စီမံဆောင်ရွက်ပေးပါသော ဒေါ်စောခင်တင့်နှင့် ဒေါ်စံသာနုတို့အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၆-၂-၂၀၀၈ ရက်တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော စိန်ရွှေရတနာလုပ်ငန်းပိုင်ရှင် ဦးမျိုးဆွေနှင့်ဇနီး ဒေါ်စောခင်တင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော စစ်တွေမြို့၊ လူပျံလက်ဖက်ခြောက်လုပ်ငန်းပိုင်ရှင် ဦးရွှေမောင်နှင့် ဇနီး ဒေါ်မမြင့်ခင်တို့အားလည်းကောင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးကြသော မောင်အောင်ရဲဖုံနှင့် မောင်မင်းစိုးဖုံ၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော မမြတ်သဉ္ဇာခင်နှင့် မအေးမြင့်သူ၊ မင်္ဂလာပန်းကြဲပေးသော မမြသူဇာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မငုဝါဖုံ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ဒေါက်တာသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော မေဦးမောင်(တော်ဝင်သူ)၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲကျင်းပရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မိုးထွန်း-ဒေါက်တာမြအေးငြိမ်း

ကယ်(လ်)ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ လုံးချောနှင့် ရှမ်းလေးသွေး ပထမအကြိမ် ထိုးသတ်မည်

ဇင်လင်းထွန်း (ခနုဖြူ)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ Calsome ကွေကာ (MDG-Co., Ltd)၏ အဓိက ကူညီပံ့ပိုးမှုဖြင့် T&T Group က တာဝန်ယူ စီစဉ်သော "ကယ်လ်ဆမ် မျှော်စင်ကျွန်းမှစိန်ခေါ်သံ" ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်(ယနေ့) ညနေ ၆နာရီတွင် ကျင်းပမည် ဖြစ်ပါသည်။ ယခုပွဲတွင် အဓိက စိန်ခေါ်ပွဲကြီးအဖြစ် အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချောကို ပထမတန်းချန်ပီယံဟောင်း ရှမ်းလေးသွေး(ခ)ကျော်စွာ (မြဝတီ) က စိန်ခေါ်ထိုးသတ်မည်ဖြစ်သည်။

ရှမ်းလေးသွေးသည် မြဝတီမြို့မှ ကျွဲမင်း ရိုးရာလက်ဝှေ့အဖွဲ့ကို တည်ထောင်ခဲ့သူ ဆရာကြီးဦးသန်းရွှေ၏ သားငယ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က မွေထိုင်းလက်ဝှေ့ကျော် အေကလပ်နှင့် ထိုးသတ်သည့်ပွဲဖြင့် လက်ဝှေ့သမားဘဝကို စတင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဆရာဦးဝင်းဇင်ဦး၏ ဦးဆောင်မှုဖြင့် ဩစတြေးလျနိုင်ငံသို့ သွားရောက်ကာ အနောက်ဩစတြေးလျကစ်ဘောက်ဆင်ချန်ပီယံ ဒေါမနစ်၊ ဂေဗားနားကို အမှတ်စဉ် အရေခံရစေသည်အထိ ထိုးသတ်ကာ သရေကျခဲ့သည်။ အရပ် ၅ ပေ ၁၀ လက်မရှိ၍ ခန္ဓာကိုယ်ကြီးထွားသော ရှမ်းလေးသွေးသည် ရိုးရာလက်ဝှေ့လောကသို့ ပထမတန်းလက်ဝှေ့သမားအဖြစ် ထိုစဉ်က နာမည်ကျော် ရေတာရှည် ဝင်းနိုင်ထွန်းကို စိန်ခေါ်ထိုးသတ်၍ ဝင်ရောက်လာခဲ့သည်။

ထို့နောက် ရွှေခါးပတ်ချန်ပီယံ ပထမတန်း လက်ဝှေ့ကျော်များဖြစ်သော ရွှေရုပ်၊ အယ်ထီးကော်၊ စောသဲအောင်၊ အောင်အောင်ထွန်းတို့နှင့် ယှဉ်ပြိုင်ထိုးသတ်ရင်း လက်ရှိချန်ပီယံ ဝမ်ချိုင်းကို အနိုင်ရရှိကာ ပထမတန်းချန်ပီယံဘွဲ့ကို ခံယူနိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ရိုးရာလက်ဝှေ့ထိုးသတ်ခြင်းကို ရပ်နားလိုက်သော ရှမ်းလေးသွေးသည် စောငမန်း(ဘားအံ)၊ ရွှေဆိုင်း(မြိုင်ကြီးငူ)တို့နှင့် ရင်ဆိုင်ထိုးသတ်ခဲ့ဖူးသော်လည်း ပထမတန်းသို့ နောက်ကျမှတက်ရောက်လာသူ လုံးချောနှင့် အဝင်အထွက်လွဲကာ စိန်ခေါ်ပွဲ မနွှဲဖူးသဖြင့် ယခုပွဲက ၎င်းတို့နှစ်ဦး ပထမဆုံးရင်ဆိုင်ရသော ပွဲဖြစ်သည်။

လုံးချောသည် ချန်ပီယံဘွဲ့ရယူပြီးနောက် ရှုံးပွဲမရှိသေးသော်လည်း အနိုင်ပွဲနည်း၍ သရေပွဲများနေပြီး အချို့ပွဲများတွင် အနားတောင်းရခြင်း၊ အမှတ်စဉ် အရေခံရခြင်းများပင် ရှိနေသဖြင့် ယခုပွဲအတွက် အထူးဂရုပြု ပြင်ဆင်ထားကြောင်း သိရသည်။ ရှမ်းလေးသွေးက ရိုးရာလက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ရန် စက်တင်ဘာလကတည်းကပင် အချိန်ယူလေ့ကျင့်ပြင်ဆင်ထားပြီး လက်ရှိချန်ပီယံဘွဲ့ရှင် လုံးချောကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ပထမတန်းလက်ဝှေ့ပွဲများ ထိုးသတ်မှု၌ ရှမ်းလေးသွေးက လုံးချောထက်စောခဲ့သော်လည်း အသက်အားဖြင့် လုံးချောထက် တစ်နှစ်ခန့် ငယ်သည်။ ကိုယ်အလေးချိန်ခြင်း ယှဉ်လျှင်တော့ ၁၆၅ ပေါင်ရှိသော လုံးချောထက် ရှမ်းလေးသွေးက ပေါင် ၂၀ ခန့် ပိုများသည်။ အရပ်အမောင်း ၅ပေ ၁၀လက်မချင်း တူညီသည်။

ရှမ်းလေးသွေးက ကိုယ်အလေးချိန်များပြီး ရှေ့လျားတိုက်ခိုက်မှုအပိုင်း၌ အားနည်းသော်လည်း မာဂုဏ်မြင့်သည့်အတွက် ပြိုင်ဘက်၏ တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ပြီး ပြင်းထန်သော ညာလက်သီးနှင့် ညာပတ်ခြေတို့က ပွဲပြီးစေနိုင်သည်။ လုံးချောက ကြွက်သားများဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ကြောင့် ရှေ့လျားတိုက်ခိုက် နိုင်စွမ်းကောင်းမွန်ပြီး လိုအပ်လျှင် ဗလာဒူးပစ် ဝင်လေ့ရှိသည်။ လျင်မြန်စူးနစ်သော ဘယ်ထောက်လက်သီး နောက်တွင် ပြင်းထန်သော ညာဖြောင့်လက်သီး လိုက်ပါလေ့ရှိသည်။ ဘယ်ပတ်ခြေပြင်းထန်ပြီး အငိုက်ဖမ်း အောက်ထောက်ရှင်းကန်ချက်များလည်း သုံးတတ်သည်။ သို့ရာတွင် မာဂုဏ်ပါးသည့်အတွက် တန်ရုံထိချက်မျှနှင့် အမှတ်စဉ် အရေခံရလေ့ရှိသည်။

သူတို့နှစ်ဦးတွေ့ဆုံပွဲကို အကဲခတ်ရမည်ဆိုလျှင် လုံးချောအနေဖြင့် ကြယ်လင်းအောင်ကဲ့သို့ မိမိထက် ကိုယ်အလေးချိန်ပေါင် ၂၀ခန့်နည်းပြီး အရပ်၅ပေ၄လက်မမျှသာရှိသူကို နှစ်ကြိမ်တိုင် သရေပွဲဖြစ်ခဲ့ရာ ယခု မိမိနှင့်အရပ်တူပြီး ပေါင်၂၀ခန့်အလေးချိန်ပိုစီးကာ မာဂုဏ်လည်းမြင့်သော ရှမ်းလေးသွေးအား အလဲထိုး အနိုင်ယူရေးက လေးဆ တစ်ဆသာ ဖြစ်နိုင်ခြေရှိသည်ဟု ကောက်ချက်ဆွဲရပေတော့မည်။

သို့ရာတွင် ယခုပွဲက လုံးချော ယခင်နွှဲနေကျပွဲများနှင့် မတူပါ။ သူ၏ ချန်ပီယံ ဂုဏ်သိက္ခာအပြင် ဆရာဖြစ်သူ၏ ဂုဏ်သိက္ခာအတွက်ပါ ကျားကုတ်ကျားခဲ ယှဉ်ပြိုင်နွှဲရမည့် အနေအထားသို့ ရောက်နေသည်။ လုံးချောကို ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဖြစ်စေခဲ့သူ ဦးဝင်းဇင်ဦးသည် တစ်ချိန်က ရှမ်းလေးသွေးကိုလည်း ပထမတန်း ချန်ပီယံဖြစ်စေရန် မြေတောင်မြှောက်ပေးခဲ့သူ ဖြစ်သည်။ ရှမ်းလေးသွေးက မွေထိုင်းဆရာ ဖိကျောက်ထံမှ ပညာယူလာသည်ဆိုသည်။

ရှမ်းလေးသွေးကလည်း တစ်ကြော့ပြန်ပွဲဦးလှဖို့ အစွမ်းကုန် ထိုးသတ်မည့် အနေအထားရှိသည်။ ယခုပွဲအနိုင်ရလျှင် တစ်ကျော့ပြန် ချန်ပီယံဘွဲ့ကိုပါ ခံယူနိုင်ဦးမည်ဖြစ်သည်။

အဆိုပါအခြေအနေများကြောင့် "ကယ်လ်ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ"ပွဲမှာ ဝါးရုံကျွဲခတ် အသည်းပြတ်အောင် ထိုးသတ်ကြမည့်ပွဲဟူ၍ ဆိုချင်ပါသည်။ ။

နယ်စပ် လက်ဝှေ့ကျော် ရှမ်းလေးသွေး(ခ)ကျော်စွာ။

ထပ်ဆင့် ရွှေခါးပတ် ချန်ပီယံ လုံးချော(KLN)။

ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ထိုးသတ်မည့် တွဲဆိုင်းများ

ဂျိုးမတေ(သူရဲကောင်း)	**နှင့်**	**သောကြာထွန်း(မထိလာ)**
စောသုံးလုံး(မထိလာ)	**နှင့်**	**ဒေါန(ရွှေလက်ရာ)**
ထွန်းထွန်းဝင်း(ဒေါင်းမြန်မာ)	**နှင့်**	**စောသားငယ်(မထိလာ)**
ရှုမဝ(ဘားအံ)	**နှင့်**	**စောဇော်မင်း(ရွှေလက်ရာ)**
စောနေအောင်(ရွှေလက်ရာ)	**နှင့်**	**ရာဟု(မထိလာ)**
အောင်သူရ(ဒေါင်းမြန်မာ)	**နှင့်**	**သိန်းဈာန်(ရက္ခဖျာလ)**
စောသဲမင်း(K.L.N)	**နှင့်**	**မိုက်သဲလေး(ဒေါင်းမြန်မာ)**
ဖွဲ့သတ္တိ(သူရဲကောင်း)	**နှင့်**	**ကျော်ခေါက်(ဒေါင်းမြန်မာ)**

ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(K.L.N) နှင့် ချန်ပီယံဟောင်း ရှမ်းလေးသွေး(ခ)ကျော်စွာ(မြဝတီ)

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ဝိုင်း ၂၊ မြေကွက်အမှတ် V ၁၀၁၊ အကျယ်အဝန်း ၂၅ပေ x ၅၀ပေရှိ အနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၁)၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော (၇)ထပ်တိုက်အနက်မှ တိုက်ကိုမျက်နှာမူသော် လက်ဝဲဘက်(ခေါင်းရင်း)၁၂½x၅၀ပေစီရှိ မြေညီထပ်နှင့် ပထမထပ်အခန်းလွတ်(၂)ခန်းနှင့် မြေနှင့်ကျန်အခန်းများအပေါ် မြေရှင်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဦးစိန်ထွန်း(၁၂/လမတ(နိုင်)၀၁၁၄၀၃ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသည့်ပြင် ဇနီးလည်းဖြစ်သော ဒေါ်သန်းသန်းအေး (၁၄/ဘကလ(နိုင်)၁၄၃၈၈၀)ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေများပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းလွတ်၊ မြေနှင့် အဆောက်အအုံ အကျိုးခံစားခွင့်များတွင် အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း အဆိုရှိသူ မည်သူမဆိုသည် ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန် နေ့ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆုံးခန်းတိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းညိမ်း(B.Sc.,R.L)　　ဦးသက်မော်(B.Sc.,H.G.P.,R.L)

ဝယ်ယူသူ၏ ရှေ့နေများ

အမှတ်(၅၀)(ပထပ်)အခန်းဒီ-၇/၈၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၇၀၁၄၃၉၊ ၂၄၀၉၅၆

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရွှေညောင်မြို့ ခနသိဒ္ဓိရပ်ကွက် မြို့လယ်လမ်းနေ ဦးစံဖေ အသက်(၈၀)ပြည့်မွေးနေ့ အလှူအဖြစ် အက်ဖ်အီးစီ ၁၀၀ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်　ဖေဖော်ဝါရီ　၂၁

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးတင်အုန်းသည် ကစားဖော်များဖြစ်ကြသော ဦးအောင်ဖုန်း၊ ဦးရွှေကျော်၊ ဦးတင်လတ်နှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ WILSON No.(1)ဘောလုံးကို LYNX IRON No.(5) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ကိုက်ရှိ ကျင်းအမှတ်(၁၇)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ဂေါက်သီးရိုက်အသင်း)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ငရုတ်ကောင်းမြို့ ရေကျော်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာတွင် ကမ်းခြေမြေသားလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့သို့ရောက်ရှိ၍ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၂၁၆၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများကို ပေးအပ်ကာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ငရုတ်ကောင်းမြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ငရုတ်ကောင်းမြို့ ရေကျော်ကျေးရွာအုပ်စု **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၈ ခုနှစ်၊ မတ် ၁၀ ရက်မှ မတ် ၁၉ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား၊ ကျောင်းသူများ သိရှိရန် ကြေညာလိုက်သည်။

တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (ကြာသပတေးနေ့)မှ စ၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်းမေးမြန်း ထုတ်ယူကြရန် ဖြစ်သည်။

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာန စာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (သောကြာနေ့)မှစတင်၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၀၈ ခုနှစ် မတ် ၄ ရက် (အင်္ဂါနေ့)မှစတင်၍ အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့် ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြသည်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား